# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁) ရက် ၊ သောကြာနေ့ ၊ (6-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



## မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ဆန်နှင့် ဆန်ကွဲ ၁၆၃၉၄၉၂ ဒသမ ၇၆၆ တန် တင်ပို့ထား

စာမျက်နှာ - ၃

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများဖိတ်ခေါ်

စာမျက်နှာ - ၂၀




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်
အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းမင်္ဂလာ

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားများ ကျင်းပခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာတွေ့ရသည်။ ၎င်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းမင်္ဂလာပင်ဖြစ်သည်။

နိုင်ငံတော်တည်ဆောက်ရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့ထိ အသက်ခန္ဓာနှင့် သွေး၊ ချွေးများကို ပေးဆပ်ပြီး ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းပြည်အကျိုးကို အများနှင့်မတူအောင် ထူးခြားစွာစွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်ခဲ့သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ဂုဏ်ပြုချီးမြှင့်အပ်နှင်းခဲ့သည်။

ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်သူများ၏ အရည်အချင်းနှင့် လုပ်ဆောင်ချက်က မိမိတစ်ဦးတည်းအတွက်သာ အကျိုးရှိသည်မဟုတ် လူအများအတွက်ပါ ကောင်းကျိုးရရှိပေါ်ပေါက်လာစေနိုင်ပြီး အစဉ်အဆက် ဆက်လက်အကျိုးပြုနိုင်မည့်သဘောလည်းရှိပေရာ ထိုသို့သော စွမ်းဆောင်နိုင်သူများကို မလွဲမသွေ ဂုဏ်ပြုထိုက်ပေသည်။

ယခုနှစ်တွင် ၂၀၂၂ ခုနှစ်အတွင်း ချီးမြှင့်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့ရရှိခဲ့သူ ၇၄၄ ဦးကို ပေးအပ်ချီးမြှင့်ခဲ့သည်ကိုတွေ့ရပြီး ဆက်လက်၍ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ နှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၉ ဦးတို့ကိုလည်းကောင်း၊ ရဲဝလတံဆိပ်ရရှိသူ ၁၈၁ ဦး၊ စီမံထူးချွန်တံဆိပ်ရရှိသူ ဦးရေ ၁၁၀၊ လူမှုထူးချွန်တံဆိပ်ရရှိသူ ၁၂ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်ရရှိသူ လေးဦး၊ ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်ရရှိသူ ၁၀ ဦး၊ သိပ္ပံပညာထူးချွန်တံဆိပ်ရရှိသူ လေးဦး၊ ဆေးပညာထူးချွန်တံဆိပ်ရရှိသူ တစ်ဦးနှင့် နည်းပညာထူးချွန်တံဆိပ်ရရှိသူ ၇၄ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၃၆ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၀၄ ဦးတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း တွေ့ရရာ နိုင်ငံနှင့်လူမျိုးအတွက် အဖိုးအနဂ္ဃထိုက်တန်လှပေသည်။ ဆုတံဆိပ်ရရှိသူအသီးသီးအတွက်လည်း ကျေနပ်ဝမ်းမြောက်ကာ ဂုဏ်ယူဖွယ်ရာလည်းဖြစ်သည်။

သို့ဖြစ်ပေရာ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာဟုခေါ် ဆိုနိုင်ပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဤအခါသမယမှအစပြုကာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုင်ငံ့အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြာသိုလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ ပြာသိုလပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ပြာသိုလပြည့်နေ့ဖြစ်သည့်အပြင် ဥပုသ်နေ့လည်းဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ ပြာသိုလပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ ဘုရားဖူးတွေနဲ့ စည်ကားများပြားနေပါတယ်။ ရွှေသင်္ကန်းကပ်လှူပူဇော်သူတွေနဲ့လဲ စည်ကားနေပါတယ်။ သမိုင်းဝင်ပြတိုက်တွေကို သွားရောက်လေ့လာသူတွေနဲ့လဲ စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေကို သွားရောက်ပြီး ငါးစာ၊ လိပ်စာကျွေးသူတွေလဲ များပြားပါတယ်" ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိ ရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၄၃၀၃၀၇ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးတောင်တော်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင်လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲနှင့် နှမ်းနက်(စမုန်) ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်သွက်နေ

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေး ဈေးကွက်အတွင်း အိန္ဒိယပို့ကုန်ဖြစ်သည့် မြေထောက်ပဲနှင့် တရုတ်ပို့ကုန်ဖြစ်သည့် နှမ်းနက်(စမုန်)များ ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

မြေထောက်ပဲနှင့် နှမ်းနက်(စမုန်)များသည် ဈေးကွက်အတွင်းသို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကြောင်း၊ မြေထောက်ပဲမှာ ယခင်နှစ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာရှိခဲ့သော်လည်း ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း၊ ထို့အတူ နှမ်းနက်(စမုန်)မှာလည်း ယခင်နှစ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ရှိခဲ့ရာမှ ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ဖြင့် ဈေးကောင်းရရှိနေပြီး အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

"အခုနှစ်စပိုင်းမှာပဲ မန္တလေးပဲဈေးကွက်ထဲမှာ အိန္ဒိယပို့ကုန်ဖြစ်တဲ့ မြေထောက်ပဲနဲ့ တရုတ်ပို့ကုန်ဖြစ်တဲ့ နှမ်းနက် (စမုန်)တွေဟာ အမြင့်ဈေးနှုန်းတွေနဲ့ ဝင်ရောက်လာပါတယ်။ အခုချိန်မှာ မြေထောက်ပဲတွေဟာဆိုရင် ရောဝတီ မြစ်ရိုးတစ်လျှောက် ဇန်းမော်၊ ကသာ၊ ထီးချိုင့် စတဲ့ ဒေသတွေကနေ စတင်ဝင်ရောက်နေပါပြီ။ နှမ်းနက်(စမုန်) တွေဟာလဲ ရွှေဘို၊ စလင်း၊ ဆင်ဖြူကျွန်း၊ မုံရွာ၊ ပခုက္ကူ၊ ထီးချိုင့်၊ တကောင်း စတဲ့နယ်တွေကနေ ဝင်ရောက်လာပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

လက်ရှိတွင် မန္တလေးပဲဈေးကွက်အတွင်း မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၃၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၄၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ မြေပဲလုံးဆန်(အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်အေးနေခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ် ဘီးများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အခြားဘီးများမှာ ငွေကျပ် ၂၈ သိန်းမှ ၃၅ သိန်းခန့် ဈေးပေါက်နေပြီး နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းအမျိုးအစားမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိနေကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ယခုတစ်ပတ် မန္တလေးကားဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်ဖြစ်ခဲ့သည့် မီနီထရပ်(ခွေးဘီလူး)ကားများ အရောင်းအဝယ်အေးသွားပြီး နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများမှာ ငွေကျပ် သိန်း ၂၀ မှ သိန်း ၃၀ ခန့်ထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

၆၆၀ စီစီ ပစ်ကပ်မီနီထရပ် (ခွေးဘီလူး) ကားများအနက် ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့်ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၃၀ ခန့်၊ Auto ငွေကျပ် ၁၄၅ သိန်းခန့်ဖြင့် အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

ထို့ပြင် ဖရီးပါမစ်ကားများဖြစ်သည့် Honda Fit၊ Honda Insight၊ Nissan March၊ Mazda Demio ကားလေးများ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကားဈေးကွက်အတွင်း စလစ်ဖြစ်မည့် အပ်ကားရှားပါးလာမှုကြောင့် စလစ်ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ယခုအခါ နှစ် ၂၀ သက်တမ်းဝင် အရည်ကျိုကားများမှာ ငွေကျပ် သိန်း ၁၂၀ ခန့်နှင့် အမည်ပေါက်စလစ်ဈေးနှုန်းမှာ ငွေကျပ် သိန်း ၁၄၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကန့်ဘလူခရိုင်တွင် မိုးစပါး ၁၇၄၆၀၇ ဧက ရိတ်သိမ်းပြီးစီး

**ကန့်ဘလူ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောမိုးစပါး ၁၇၄၆၀၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ၂၀၂၂ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၇၄၆၀၇ ဧက လျာထား၍ ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကန့်ဘလူမြို့နယ်တွင် ၁၅၂၁၁၆ ဧက၊ ကျွန်းလှမြို့နယ်တွင် ၃၄၀၉၃ ဧက စုစုပေါင်း ၁၈၆၂၀၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ဒီဇင်ဘာလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါး ၁၇၄၆၀၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ ၈၄ ဒသမ ၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးကာလ ကန့်ဘလူခရိုင်မှာ မိုးစပါးဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးထားတယ်။ လက်ရှိဧက တစ်သိန်းကျော် ရိတ်သိမ်းပြီးသွားပြီ။ ဆက်လက်ရိတ်သိမ်းနေတယ်။ ဒီနှစ် ကန့်ဘလူခရိုင်မှာ မိုးစပါးဧကလျာထားချက်ထက် ပိုစိုက်နိုင်ခဲ့တာပါ"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးဧက ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၁၄၅၁၁၅ ဧက၊ ကျွန်းလှမြို့နယ်တွင် ၂၉၄၉၂ ဧက စုစုပေါင်း ၁၇၄၆၀၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများ၊ မိုးသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဒါနသံဃာ့ဆေးရုံကြီးတွင် ဓမ္မဒါနသံဃာ့ဆေးရုံကြီး နာယက ဦးတင်မောင်-ဒေါ်စင်မြမြ မိသားစုက ဆွမ်းအတွက် ငွေကျပ် ၄၀၀၀၀၀၊ ဆေးပဒေသာသင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယက ပါမောက္ခ ဒေါက်တာဦးမြမောင်၊ စီမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂုရုတ်ဦးမြဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ဆန်နှင့်ဆန်ကွဲ ၁၆၃၉၄၉၂ ဒသမ ၇၆၆ တန် တင်ပို့ထား



**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ဆန်နှင့်ဆန်ကွဲ ၁၆၃၉၄၉၂ ဒသမ ၇၆၆ တန် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

ထိုသို့တင်ပို့ရာ၌ ပြည်ပနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလတွင် ဆန်နှင့်ဆန်ကွဲ ၂၅၀၉၄၆ ဒသမ ၈၆၆ တန်၊ မေလတွင် ဆန်နှင့်ဆန်ကွဲ ၁၅၃၅၀၆ ဒသမ ၅ တန်၊ ဇွန်လတွင် ဆန်နှင့်ဆန်ကွဲ ၁၄၆၀၉၄ တန်၊ ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၈၂၅၉၀၊ ဩဂုတ်လတွင် ဆန်နှင့်ဆန်ကွဲ ၁၅၆၈၉၃ တန်၊ စက်တင်ဘာလတွင် ဆန်နှင့် ဆန်ကွဲ ၉၃၇၉၁ ဒသမ ၇ တန်၊ အောက်တိုဘာလတွင် ဆန်နှင့် ဆန်ကွဲ ၁၆၃၁၈၈ ဒသမ ၇ တန်၊ နိုဝင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ ၂၆၄၀၃၇ တန်၊ ဒီဇင်ဘာလတွင် ၂၂၈၄၄၅ တန် စုစုပေါင်းဆန်နှင့်ဆန်ကွဲ ၁၆၃၉၄၉၂ ဒသမ ၇၆၆ တန် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ကာလအတွင်း ဆန်နဲ့ဆန်ကွဲ ၁၆၃၉၄၉၂ ဒသမ ၇၆၆တန် တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။ ပုံမှန်ရေကြောင်းကုန်သွယ်ရေးကနေ ဆန်နဲ့ဆန်ကွဲကို အများဆုံး တင်ပို့ထားတာဖြစ်ပါတယ်။ ရည်မှန်းတာကတော့ ဒီဘဏ္ဍာနှစ်မှာ တန်ချိန် နှစ်သန်းကျော်တင်ပို့နိုင်မယ်လို့ ရည်မှန်းထားပါတယ်"ဟု ဦးရဲမင်းအောင်က ပြောပြသည်။

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ဆန်နှင့် ဆန်ကွဲများကို နယ်စပ်နှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တင်ပို့ရောင်းချလျက်ရှိပြီး ဒီဇင်ဘာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုဖြင့် တန်ချိန် ၁၇၄၉၆၀ နှင့် နယ်စပ်ကုန်သွယ်ရေးဖြင့် ၅၃၄၈၅ တန်တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်ကို တရုတ်၊ ဥရောပ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖရိက စသည့်နိုင်ငံများက ဝယ်ယူမှုများပြီး ဆန်ကွဲကို တရုတ်နှင့် ဥရောပနိုင်ငံများက အဓိကဝယ်ယူကြောင်း၊ ဇူလိုင်လအတွင်း မြန်မာနိုင်ငံမှဆန်ကို တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ အီတလီ၊ နယ်သာလန်နိုင်ငံတို့က အများဆုံးဝယ်ယူပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံ၊ တရုတ်၊ စပိန်နိုင်ငံတို့က အများဆုံးဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။ ASH

# လှိုင်းဘွဲ့မြို့နယ် ကွမ်တာကျေးရွာ၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်

**လှိုင်းဘွဲ့ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကွမ်တာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများသည် ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားရှားပါးမှုကို အထောက်အကူပြုဖြည့်ဆည်းနိုင်စေရန် ရည်ရွယ်၍ သင်ကြားဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ကျွမ်းကျင်ပညာရှင်များနှင့် သင်ကြားပို့ချပေးမည်ဖြစ်ပြီး လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်တန်းနည်းပြဆရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ပိုင်ထူးက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကွမ်တာ၊ ကွမ်တာကုန်း၊ ရှမ်းရွာကျေးရွာတို့မှ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၁၄ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုးမိုးကျော်**

# ပခုက္ကူမြို့နယ် အနောက်နံ့ဂါတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပခုက္ကူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အနောက်နံ့ဂါတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက အနောက်နံ့ဂါတ်ကျေးရွာ၌ အနက် ပေ ၄၀၀၊ အကျယ်လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေကော်မတီဝင်များ၊ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေး မှာကြားသည်။

ပခုက္ကူမြို့နယ် အနောက်နံ့ဂါတ်ကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၇၉၇ သန်းဖြင့် လေးလက်မ PVC ပိုက်၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အနောက်နံ့ဂါတ်ကျေးရွာရှိ အိမ်ခြေ ၃၂၈ အိမ်၊ လူဦးရေ ၁၅၄၈ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး၊ အချိန်အခါမရွေး ဖူလုံစွာရရှိနိုင်ပြီဖြစ်ကြောင်း ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်ထံမှ သိရသည်။

**နွဲ့ယဉ်**



# ရန်ကုန်မြို့ပြအမွေအနှစ် ဂျူးဘုရားကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်တွင် နှစ်ကာလရှည်ကြာစွာရှိခဲ့သည့် မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်လက်ရာ လူနေအိမ်များ၊ ရုံးများ၊ ကျောင်းများ၊ ဘုရားရှိခိုးကျောင်းများ စသည်ဖြင့် ဗြိတိသျှခေတ်က တည်ဆောက်ခဲ့သည့် များစွာသောအဆောက်အအုံများသည် ယနေ့တိုင်ကျန်ရှိနေသည်။ ၎င်းတို့အနက် ဘာသာပေါင်းစုံ ဘုရားရှိခိုးကျောင်းများကို ရန်ကုန်မြို့တွင် တွေ့မြင်နိုင်သည့်အနက် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဆိုင်ရာ အဆောက်အအုံများက အများဆုံးဖြစ်ကာ ဟိန္ဒူ၊ အစ္စလာမ်၊ ဆစ်ခ်၊ ဂျူး အစရှိသည့် အခြားဘာသာဝင်များ၏ ဘုရားကျောင်းအဆောက်အအုံများလည်း တည်ရှိနေပေသည်။

ယခုအချိန်တွင် ၎င်းအဆောက်အအုံများသည် သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သဖြင့် ရှေးဟောင်းအဆောက်အအုံများစာရင်းတွင် ပါဝင်လာခဲ့ကြသည်။

**ရှေးဟောင်းအဆောက်အအုံဟူသည်**

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ မြေပေါ်၊ မြေအောက်၊ ရေပေါ်ရေအောက်တွင်ရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝဝန်းကျင်နေရာများ အပါအဝင် လူသားတို့ နေထိုင်ပြုလုပ်သုံးစွဲ တည်ဆောက်ခဲ့သည့် နှစ် ၁၀၀ နှင့် အထက် သက်တမ်းရှိသော အဆောက်အအုံနေရာများကို ရှေးဟောင်းအဆောက်အအုံများဟု သတ်မှတ်ထားသည်။ သမိုင်းအမွေအနှစ်အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများကို စိစစ်၍ ရှေးဟောင်းစာရင်းဝင် အဆောက်အအုံများကို တရားဝင်သတ်မှတ်ထားရှိသည်။

ထို့ကြောင့် ရှေးဟောင်းစာရင်းဝင် အဆောက်အအုံသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ရှေးဟောင်းအဆောက်အအုံများ စာရင်းတွင် ပါဝင်သည့် အဆောက်အအုံဖြစ်ကြောင်း ၎င်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီးတွင် တည်ရှိနေသည့် ဒြပ်ရှိ ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေ၊ ဖော်ထုတ်၊ ထိန်းသိမ်းခြင်းလုပ်ငန်းကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။ ရှေးဟောင်းအဆောက်အအုံများကို ခေတ်အလိုက်၊ နေရာဒေသအလိုက် မှတ်တမ်းတင်စာရင်းကောက်ယူကာ စာရင်းပြုစု၍ စာအုပ်ထုတ်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၇ ခုကို ဇုန်နယ်မြေများ သတ်မှတ်ပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်းမှုပြုခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဇုန်နယ်မြေ ၁၆ ခုပါဝင်ခဲ့သည်။

၎င်းဇုန်နယ်မြေများအားလုံးသည် ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ရွှေဘုန်းပွင့်၊ ကိုးထပ်ကြီး၊ ကျိုက်ခေါက် အစရှိသည့် သမိုင်းဝင်စေတီများ တည်ရှိသည့် နေရာများဖြစ်ကြပေသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်ဌာနခွဲ)သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများကို ရှာဖွေဖော်ထုတ် သုတေသနပြုလျက်ရှိသည်။ ထို့ကြောင့် ရန်ကုန်မြို့ပြအမွေအနှစ် ပြယုဂ်များဖြစ်သည့် အဆောက်အအုံများကို မှတ်တမ်းတင်စာရင်းကောက်ယူခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ ခုတွင် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံ ၁၂၀ ကို ထပ်မံတိုး၍ မှတ်တမ်းပြုစုနိုင်ခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပြုစုခဲ့သည့် စာရင်းအရ ရန်ကုန်မြို့တွင် အမွေအနှစ်အဆောက်အအုံ ၁၈၈ ခု ကျန်ရှိသည်။

ရန်ကုန်မြို့ရှိ ထင်ရှားသော ရှေးဟောင်းအဆောက်အအုံများအနက် ရန်ကုန်မြို့လယ်၌တည်ရှိသည့် မတ်စ်မီးယားယေရှုအာ ဘုရားကျောင်း (Musmeah Yeshua Synagogue) သည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

**ရန်ကုန်မြို့၏ သမိုင်းနောက်ခံ**

ခရစ်နှစ် ၁၀၂၈ ခုနှစ်မှ ၁၀၄၃ ခုနှစ်အတွင်းက မွန်လူမျိုးများ တည်ထောင်ခဲ့သည့် ဒဂုံသည် တံငါရွာငယ်တစ်ခုသာဖြစ်ခဲ့သည်။ ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျသည် ၁၇၅၅ ခုနှစ် မေ ၂ ရက်တွင် ဒဂုံမြို့ဟောင်းကို ရှင်းလင်း၍ ၇၅ ကေကျယ်ဝန်းသော မြို့သစ်ကို



ဂျူးဘုရားကျောင်းတွင်ထိန်းသိမ်းထားသည့် တိုရာကျမ်းစာနှစ်စုကို တွေ့ရစဉ်။

တည်ထောင်ကာ ရန်ကုန်ဟုအမည်ပေးခဲ့ပြီး မြို့ပတ်လည်ကို ကျွန်းသစ်များဖြင့် တံတိုင်းကာရံခဲ့သည်။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးဆုံးပြီးနောက် ၁၈၅၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။ ၁၈၅၃ ခုနှစ်တွင် ဒေါက်တာမောင်ဂိုမာရီ (Dr. W. Montgomery) နှင့် ဗိုလ်ဖရေဇာ (Lt. A. Fraser) တို့သည် အောက်မြန်မာနိုင်ငံ၏ အချက်အချာဖြစ်သည့် ရန်ကုန်မြို့ကို အသစ်ပြန်လည်တည်ဆောက်ရန် ဆူးလေစေတီကိုဗဟိုပြုသည့် မြို့ပြစီမံကိန်းကို ရေးဆွဲခဲ့ကြသည်။

ဗြိတိသျှတို့၏ Reconstruction of Modern Rangoon 1853 စီမံကိန်းအရ ရန်ကုန်မြို့ကို လေးထောင့်စပ်စပ်ပုံစံ (Chessboard Pattern) တည်ခဲ့ကာ ရန်ကုန်မြို့၏နယ်နိမိတ်သည် အရှေ့ဘက်တွင် အရှေ့လမ်း(East Road)(ယခု သိမ်ဖြူလမ်း)၊ အနောက်ဘက်တွင် လမ်းမတော်၊ တောင်ဘက်တွင် ကမ်းနားလမ်းနှင့် မြောက်ဘက်တွင် ကော်မရှင်နာလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း)ထိဖြစ်သည်။ အရှေ့၊ အနောက် သွယ်တန်းဖောက်လုပ်ထားသည့် လမ်းမကြီး ငါးခု (ယခု ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း) တို့ကို ပေ ၁၈၀ အကျယ်ဖောက်လုပ်ခဲ့သည်။ မြို့ကွက်အတွင်း၌ တောင်၊ မြောက် သွယ်တန်းကာ နံပါတ်စဉ်တပ်ထားသည့် ဖြတ်လမ်းများသည် အနောက်ဘက်အဆုံးတွင် ၁၇ လမ်းနှင့် အရှေ့ဘက်အဆုံးတွင် ၄၄ လမ်းထိဖြစ်သည်။

ရန်ကုန်မြို့သည် ပင်လယ်ဝမှ ၂၀ မိုင်ကွာဝေးကာ ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ဒေါပုံချောင်းတို့ဆုံသည့် နေရာတွင် တည်ထားသဖြင့် အရေးပါသောဆိပ်ကမ်းမြို့ဖြစ်လာခဲ့သည်။ အင်္ဂလိပ်တို့သည် ရွှေတိဂုံစေတီတော်ခြေရင်းရှိ မြေကွက်ကျယ်တစ်ခုအတွင်းရှိ အလံပြဘုရား၏ ထီးတော်အောက်တွင် အချက်ပြတန်းကို ထားရှိ၍ ရန်ကုန်မြစ်အတွင်း ဝင်ထွက်ကြသည့် သင်္ဘောများကို အချက်ပြရန် အသုံးပြုခဲ့သည်။ ထို့ကြောင့် ၎င်းစေတီကို Signal Pagoda (အလံပြဘုရား)ဟုလည်းကောင်း၊ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲတွင် အင်္ဂလိပ်တပ်မှူး Sir Robert Henry Sale တပ်စွဲခဲ့သောကြောင့် Sale's Pagoda ဟုလည်းကောင်း ခေါ်ဆိုခဲ့သည်။

**မြန်မာနိုင်ငံနှင့် ဂျူးလူမျိုးများ**

မှတ်တမ်းများအရ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိခဲ့သော ဂျူးလူမျိုးသည် အလောင်းဘုရားမင်းကြီးထံမှောက်တွင် တာဝန်ထမ်းဆောင်ခဲ့သူ Solomon Gabirol ဖြစ်သည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ထားခဲ့သည့် ၁၉ ရာစု အလယ်ပိုင်းကာလတွင် အီရတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသည့် ဂျူးလူမျိုးကုန်သည်များသည် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဂျူးအသိုက်အဝန်းများကို ထူထောင်ခဲ့ကြသည်။ အီရတ်နိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်ခံအဖြစ် ရောက်ရှိခဲ့ချိန်တွင် ဘဂ္ဂဒက်မြို့မှ ရာပေါင်းများစွာသော ဂျူးလူမျိုးများသည် ၎င်းတို့ဒေသများတွင်ဖြစ်ပွားခဲ့သည့် ဖိစီးနှိပ်စက်မှုများနှင့် လူမျိုးရေးသတ်ဖြတ်မှုများကြောင့် အီရတ်နိုင်ငံကို စွန့်ခွာလာခဲ့ကြရာ မြန်မာနိုင်ငံသို့လည်း ရောက်ရှိလာခဲ့ကြသည်။ ၎င်းတို့နှင့်အတူ အိန္ဒိယမှ ဝင်ရောက်လာသည့် ကိုချင်ဂျူးနှင့် ဘန်းဂျူးများလည်း ပါဝင်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်ခန့်တွင် မြန်မာနိုင်ငံ၌ ဂျူးလူမျိုးအရေအတွက် ၂၅၀၀ ကျော်ရှိခဲ့သည်။

အုတ်ဂူ ၆၀၀ ခန့်ရှိသည့် ဂျူးသင်္ချိုင်းသည် ရန်ကုန်မြို့ ၉၁ လမ်းတွင်တည်ရှိခဲ့ပြီး မန္တလေးမြို့တွင်လည်း ဂျူးသင်္ချိုင်းတစ်ခုရှိခဲ့သည်ဟု အဆိုရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ကွယ်လွန်သူ Issac Samuels ကို ရန်ကုန်မြို့ရှိ ဂျူးသင်္ချိုင်း၌မြှုပ်နှံခဲ့သည်။ သူသည် မတ်စ်မီးယားယေရှုအာ ဂျူးဘုရားကျောင်းကိုထိန်းသိမ်းခဲ့သူ Moses Samuels ၏ ဖခင်ဖြစ်ပြီး ဂျူးသင်္ချိုင်းတွင် နောက်ဆုံးမြှုပ်နှံသင်္ဂြိုဟ်ခဲ့သူဖြစ်သည်။

၁၉၁၀ ပြည့်နှစ်တွင် ဂျူးစာသင်ကျောင်းကိုလည်း တည်ထောင်ခဲ့ရာ သူငယ်တန်းမှ အလယ်တန်းအဆင့်ထိ ကျောင်းသား ၂၀၀ တက်ရောက်ခဲ့သည်။ အချို့သော ဂျူးလူမျိုးအမျိုးသားများသည် မြန်မာအမျိုးသမီးများနှင့် အိမ်ထောင်ကျခဲ့ကြကာ မိမိတို့ရင်သွေးများကို အိန္ဒိယ၊ ဗြိတိန်စသည့်နိုင်ငံများသို့ ပညာသင်ယူရန် ပို့လွှတ်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည့် ဂျူးလူမျိုးများသည် ဗြိတိသျှကိုလိုနီခေတ်တွင် အသေးစားလုပ်ငန်းများမှသည် ချည်နှင့်ဆန်များ တင်ပို့ရောင်းချသည့် လုပ်ငန်းများထိဆောင်ရွက်ခဲ့ကာ စီးပွားရေးကောင်းမွန်ကြွယ်ဝခဲ့ကြသည်။ ဂျူးလူမျိုးများသည် မိမိတို့၏ လူမှုအသိုက်အဝန်းများကို ရန်ကုန်နှင့် ပုသိမ်တို့တွင် ထူထောင်ခဲ့ကြကာ ၂၀ ရာစုအစောပိုင်းတွင် ဂျူးအကြီးအကဲကို ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ပုသိမ်မြို့ရှိ ဂျူးလူမျိုးများ၏ခေါင်းဆောင်သည် Mr. Raphael ဖြစ်ပြီး ရန်ကုန်မြို့ရှိ ဂျူးများ၏ခေါင်းဆောင်သည် Mr. David Sophaer ဖြစ်ပေသည်။

ဂျူးတို့သည် ဗြိတိသျှကိုလိုနီအစိုးရအရာရှိများ၊ လုပ်ငန်းရှင်များနှင့် ဆက်ဆံမှုများရှိခဲ့ပြီး ဂျူးဘုရားကျောင်း Beth El ကို ၁၉၃၂ ခုနှစ်တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီး မြန်မာနိုင်ငံကို ဂျပန်တို့သိမ်းပိုက်ချိန်၌ ဂျူးလူမျိုး အများအပြားသည် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြပြီးနောက် ဘုရားဝတ်ပြုသူများ အလွန်နည်းပါးသွားသဖြင့် ဂျူးဘုရားကျောင်း Beth El ကို ပိတ်သိမ်းခဲ့သည်။ သို့သော် Beth El ဖွင့်လှစ်ခဲ့သည့်နေရာနှင့် အဆောက်အအုံမှတ်တမ်းများကို မတွေ့ရှိခဲ့ကြချေ။

၁၉၄၈ ခုနှစ်တွင် မြန်မာနှင့် အစ္စရေးနိုင်ငံတို့သည် လွတ်လပ်ရေးရရှိခဲ့ကြပြီး မြန်မာနိုင်ငံသည် အရှေ့တောင် အာရှနိုင်ငံများအနက် အစ္စရေးကို ပထမဆုံး အသိအမှတ်ပြုခဲ့သည်။ မြန်မာနှင့် အစ္စရေးတို့သည် ၁၉၅၃ ခုနှစ်တွင် သံတမန်ဆက်သွယ်မှု စတင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် နှစ်နိုင်ငံ သံရုံးများဖွင့်လှစ်ခဲ့သည်။

**မတ်စ်မီးယားယေရှုအာ**

ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် မတ်စ်မီးယားယေရှုအာ (Musmeah Yeshua Synagogue) သည် ပန်းဘဲတန်းမြို့နယ်၊ ၂၆ လမ်း အမှတ်(၈၅)တွင်တည်ရှိ၍ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဂျူးဘုရားဝတ်ပြုကျောင်းဖြစ်သည်။

ရပ်ကွက် ၁၁ ခုဖြင့် ဖွဲ့စည်းထားသည့် ပန်းဘဲတန်းမြို့နယ်သည် ယခုရန်ကုန်မြို့၏ အလယ်တွင် တည်ရှိနေသည်။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် ပန်းပဲလုပ်ကိုင်သူများ အခြေချနေထိုင်ခဲ့သည့် အရပ်ဖြစ်သဖြင့် ပန်းပဲတန်းဟုအမည်တွင်ခဲ့ပြီး အသံထွက်အတိုင်းရေးသားကြရာမှ ပန်းဘဲတန်းဟု ဖြစ်လာခဲ့သည်။ ရွှေတိဂုံစေတီတော်ကို မင်းတုန်းမင်းကြီး ထီးတော်တင်ခဲ့စဉ်က ထီးတော်အောက်ခံ သံကိုင်း၊ သံပေါင်များကို ပန်းဘဲတန်းရပ်တွင်နေထိုင်သည့် ပန်းပဲဆရာ ဦးစနှင့် ဦးညိုတို့က ပြုလုပ်ပေးခဲ့သည်။

ပန်းဘဲတန်းမြို့နယ်အတွင်းရှိ သိမ်ကြီးဈေး ဈေးရုံများ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ စိန့်မေရီ ခရစ်ယာန်ဘုရားကျောင်း၊ အထက(၁) ပန်းဘဲတန်း၊ မြန်မာ့မီးရထားရုံးချုပ်ဟောင်းတို့နှင့်အတူ မတ်စ်မီးယားယေရှုအာ အဆောက်အအုံသည် ကိုလိုနီခေတ်လက်ရာ တစ်ခုဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက ရန်ကုန်မြို့တွင် နေထိုင်ခဲ့ကြသည့် ဂျူးလူမျိုးများသည် ဘုရားဝတ်ပြုကျောင်းတစ်ခုကို လက်ရှိနေရာတွင် ၁၈၅၄ ခုနှစ်က တည်ဆောက်ခဲ့သည်။ မူလဘုရားကျောင်းသည် သေးငယ်သော သစ်သားအဆောက်အအုံတစ်ခုဖြစ်ပြီး ၁၈၉၃ ခုနှစ်တွင် ၎င်းအဆောက်အအုံကိုဖျက်သိမ်း၍ လက်ရှိအုတ်အဆောက်အအုံနှင့် အစားထိုးခဲ့သည်။ မူလသစ်သားကျောင်းသည် မီးလောင်ပျက်စီးခဲ့သည်ဟု ဆိုသည်။ မတ်စ်မီးယားယေရှုအာ နှစ်ထပ်အဆောက်အအုံကို သုံးနှစ်ကြာ တည်ဆောက်ခဲ့ပြီး ၁၈၉၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ရွှေဘိုခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၉၆၃၁၃ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၉၆၃၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ရွှေဘိုခရိုင်၌ ဆောင်းနှမ်း ၉၆၆၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၆၃၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ အထွက်နှုန်းကောင်းဖို့ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာလဲ ဆောင်းနှမ်း ၉၆၆၈၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၆၃၁၃ ဧက စိုက်ပျိုးပြီးသွားပြီ။ ကျန်ဧကတွေ ဆက်လက်စိုက်ပျိုးနေကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၉၅၉၀၊ ခင်ဦးမြို့နယ်တွင် ၁၂၀၃၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၆၁၅၅၉ ဧက၊ ကျောက်မြောင်းမြို့တွင် ၁၃၁၂၆ ဧက စုစုပေါင်းနှမ်း ၉၆၃၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းသီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ကိုပါ တင်ပို့ရောင်းချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)



➤ စာမျက်နှာ ၄ မှအဆက်

ဘုရားကျောင်းအတွင်း၌ ဂျူးလူမျိုးများ၏ ဘာသာရေးဆိုင်ရာ တိုရာကျမ်းစာ(Torah Scroll)ပေါင်း ၁၂၆ ခုရှိခဲ့သဖြင့် ထိုစဉ်က ကမ္ဘာပေါ်တွင် တိုရာကျမ်းစာအများဆုံးရှိခဲ့သည့် နေရာဖြစ်ခဲ့သည်။ ဂျူးလူမျိုးများ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားကြချိန်တွင် ၎င်းကျမ်းစာများကို ယူဆောင်သွားခဲ့ကြသဖြင့် ယခုအချိန်တွင် နှစ်ခုသာကျန်ရှိသည်။ ၎င်းကျမ်းစာများသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မှ ယူဆောင်လာခဲ့သည့် မူရင်းကျမ်းများဖြစ်ကြကာ သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။

လက်ရှိအချိန်တွင် ဂျူးဘုရားရှိခိုးကျောင်းသည် ရန်ကုန်မြို့၏မြို့ပြအမွေအနှစ်တစ်ခုအဖြစ် ပြည်ပခရီးသွားများ လာရောက်ကြည့်ရှုလည်ပတ်လေ့လာကြသည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ကာ ဘုရားကျောင်းကို အစဉ်အဆက်ထိန်းသိမ်းခဲ့သူ Moses Samuels ၏ ကျန်ရစ်သူမိသားစုဝင်များက ဆက်လက်ထိန်းသိမ်းခဲ့သည်။ Moses Samuels သည် ၂၀၁၅ ခုနှစ် မေ ၂၉ ရက်တွင် ကွယ်လွန်ခဲ့သည်။

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဂျူးဘုရားကျောင်းသည် ရန်ကုန်မြို့သို့ရောက်ရှိလာသည့် ပြည်ပဧည့်သည်များ သွားရောက်လည်ပတ်မှု အများဆုံးနေရာ ၁၀ နေရာတွင်ပါဝင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ပြအမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့ (YHT) က သမိုင်းဝင် မတ်စ်မီးယားယေရှုအာ ဂျူးဘုရားကျောင်းကို ရန်ကုန်မြို့၏ ၁၃ ခုမြောက် အပြာရောင်ကမ္ဗည်းမော်ကွန်းပြား တပ်ဆင်ခဲ့သည်။

ဂျူးဘုရားကျောင်းအတွင်း၌ မြန်မာ-အစ္စရေး ဆက်ဆံရေးသမိုင်းဝင် မှတ်တမ်းဓာတ်ပုံများကို ပြသထားပြီး ဂျူးဘာသာဝင်တို့အတွက်အမြတ်ထားရှိသည့် ကျမ်းစာနှစ်ခုကိုလည်း ထိန်းသိမ်းထားရှိသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဂျူးလူမျိုး ၁၉ ဦးသာရှိနေသော်လည်း လွန်ခဲ့သော ၁၂၅ နှစ်က တည်ဆောက်ခဲ့သည့် ဂျူးဘုရားကျောင်းသည် ရှေးဟောင်းအဆောက်အအုံတစ်ခုအဖြစ်သာမက ရန်ကုန်မြို့၏ အမွေအနှစ်တစ်ခုအဖြစ် ထင်ရှားစွာတည်ရှိနေပေသည်။

မတ်စ်မီးယားယေရှုအာ ဂျူးဘုရားကျောင်းကို တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်နံနက် ၉ နာရီ မိနစ် ၃၀ မှ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ ထိ ဖွင့်လှစ်ပြသထားသဖြင့် မည်သူမဆို သွားရောက်ကြည့်ရှုလေ့လာနိုင်ကြပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၁)**
- **မြို့ရန်ကုန် (မောင်မြတ်မွန်၊ ဆူးလေ)**
- **ဘုရားကျောင်းထိန်းသိမ်းရေးအဖွဲ့နှင့်တွေ့ဆုံမေးမြန်းချက်များ**
- **The Last Jews in India and Burma (Nathan Katz and Ellen S. Goldberg)**

## အမေ့မှာတမ်း

\- မြင်းမိုရ်တောင်ဦး မကကျူးသည့်
ကျေးဇူးအရှင် မွေးမိခင်၏
ရုပ်သွင်ကိုယ်စား ဓာတ်ပုံကားကို
ကျွန်ကားစူးစိုက် ကြည့်မိခိုက်ဝယ်
အမြိုက်ရေအေး စဉ်တိုက်ကျွေး၍
နွေးထွေးယုယ ဆိုဆုံးမသည့်
မိဘမေတ္တာ ကရုဏာကို
သေချာတွေးကြည့် ပြန်မှတ်မိ။

\- အမေမှာကြား ဆိုစကားမှာ
ငါကားမသွေ သေပါလေက
နတ်ပြေ(ပြည်)နတ်ရွာ ရောက်စေရာဟု
သေချာမျှဝေ ဆုတောင်းပေလော့၊

တစ်ထွေမှတ်သား ငါ၏သားတွက်
ငါကားရှာဖွေ ဥစ္စာထွေကို
အသေအချာ စောင့်ထိန်းပါလော့၊

တစ်ခါမှတ်သား မြတ်ဘုရားနှင့်
တရား သံဃာ ရတနာကို
သေချာဆည်းကပ် ကိုးကွယ်အပ်၏၊

ထပ်မှတ်ငါ့သား မော်မကြွားဘဲ
စိတ်ထားဖြူစင် သီလယှဉ်လော့၊

အစဉ်သတိ ကိစ္စရှိလျှင်
ထိမိကြောင်းကျိုး အမျိုးမျိုးကို
ချိန်ထိုးနှိုင်းစာ ဆောင်ရွက်ပါလော့၊

ထိုမှတစ်သွယ် သားမှတ်ဖွယ်ကား
တစ်ဆယ်ခင်ပွန်း ဖယ်မတွန်းဘဲ
ရည်ညွှန်းအထူး သူ့ကျေးဇူးကို
ထိန်မြူးမသွေ ဆပ်ပါလေလော့၊

အမေညွှန်းဆို ဖြဟ္မစိုရ်နှင့်
ထိုထိုတရား လက်ကိုင်ထား၍
အများတကာ ကိုယ်ချင်းစာလော့။

\- အမေ့သားလှ အရွယ်ရလည်း
မချစိတ်မှာ အမေ့မေတ္တာမို့
ခန္ဓာကြွေမှု အသက်လုစဉ်
တစ်ခုမကျန် မမေ့ရန်ဟု
ဖန်ဖန်မှာကြား အမေ့စကားကို
နာကြားလိုက်နာ ရှိသေပါ၍
ခုခါသက်ရွယ် ခုနစ်ဆယ်ထိ
ကိုးဆယ်ခြောက်ပါး ရောဂါများနှင့်
ချောက်ချားကိုဗစ် ရှောင်ခွာလစ်သည်
ကိုယ်ချစ် မိဘအစွမ်းတည်း။ ။

**မန္တလာပြေ**

## နိုင်ငံတကာ သတင်းများ

# ဇာကွန်ဟိုက်ပါဆိုးနစ် ဒုံးကျည်တင်စစ်သင်္ဘောတစ်စီးကို အတ္တလန္တိတ်သမုဒ္ဒရာသို့ ရုရှားသမ္မတ ပူတင် စေလွှတ်



**မော်စကို ဇန်နဝါရီ ၅**

ရုရှားသမ္မတ ပူတင်သည် မျိုးဆက်သစ် ဟိုက်ပါဆိုးနစ်ခရုစ် ဒုံးကျည်များ တပ်ဆင်ထားသည့် ဖရီးဂိတ် စစ်သင်္ဘောတစ်စီးကို ဇန်နဝါရီ ၄ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာဒေသသို့ စေလွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ယူကရိန်းပြဿနာကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေး တင်းမာနေချိန်တွင် အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် စစ်သင်္ဘောကို အတ္တလန္တိတ်သမုဒ္ဒရာဒေသသို့ စေလွှတ်ခဲ့ခြင်းဖြစ်သည်။

အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် စစ်သင်္ဘော၌ ဇာကွန်အမျိုးအစားအသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်များတပ်ဆင်ထားကြောင်း သမ္မတပူတင်၏အဆိုအရ သိရသည်။

ဇာကွန်ဟိုက်ပါဆိုးနစ်ဒုံးကျည်ကဲ့သို့သော လက်နက်စနစ်မျိုးသည် ရုရှားနိုင်ငံကို ပြည်ပရန်များမှ ကာကွယ်ပေးလိမ့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး၊ အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် စစ်ရေယာဉ်မှူး အိုင်ဂေါခရော့မဲလ်တို့နှင့် ဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲပြုလုပ်စဉ် ရုရှားသမ္မတက ပြောကြားခဲ့သည်။

အက်မိုင်ရယ်ဂေါ့ရှ်ကော့ဗ် စစ်သင်္ဘောသည် အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာနှင့် မြေထဲပင်လယ်ဒေသများ၌ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရသိရသည်။

ဇာကွန်ဟိုက်ပါဆိုးနစ်ဒုံးကျည်သည် အသံ၏မြန်နှုန်းထက် ကိုးဆပိုသောအမြန်နှုန်းဖြင့် ကီလိုမီတာ ၁၀၀၀ ထိပျံသန်းနိုင်ရာ မည်သည့်လေကြောင်းရန်ကာကွယ်ရေးစနစ်မျိုးကိုမဆိုကျော်ဖြတ်နိုင်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။ KKO

# တောင်ကိုရီးယားသမ္မတရုံး ကန့်သတ်ဝေဟင်ထဲ မြောက်ကိုရီးယားမောင်းသူမဲ့ လေယာဉ်ဝင်ရောက်ခဲ့

**ဆိုးလ် ဇန်နဝါရီ ၅**

ပြီးခဲ့သည့် ရက်သတ္တပတ်က တောင်ကိုရီးယားဝေဟင်ပိုင်နက်ကို ချိုးဖောက် ဝင်ရောက်လာသော မြောက်ကိုရီးယား မောင်းသူမဲ့ လေယာဉ်များအနက် တစ်စင်းသည် တောင်ကိုရီးယားသမ္မတရုံးပတ်ပတ်လည်ရှိ ကန့်သတ်ဝေဟင်ပိုင်နက် အတွင်းထိ ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် ဖော်ပြခဲ့သည်။

ဆိုးလ်မြို့ရှိ တောင်ကိုရီးယား သမ္မတရုံးကန့်သတ်ဝေဟင်အတွင်းသို့ မြောက်ကိုရီးယားမောင်းသူမဲ့ လေယာဉ်ဝင်ရောက်ခဲ့မှုကို တောင်ကိုရီးယားစစ်ဘက်က ဇန်နဝါရီ ၄ ရက်တွင် ကြေညာချက်ထုတ်ပြန် အတည်ပြုထားသည်။

မူလက တောင်ကိုရီးယား စစ်ဘက်သည် သမ္မတရုံးကန့်သတ်ဝေဟင်အတွင်းသို့ မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ် ဝင်ရောက်မှုသတင်းကို ငြင်းပယ်ထားသည်။

သို့သော် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာ ၂၆ ရက်က တောင်ကိုရီးယားဝေဟင်ပိုင်နက်ကို ချိုးဖောက်ဝင်ရောက်လာသည့် မောင်းသူမဲ့လေယာဉ်ငါးစင်းအနက် တစ်စင်းမှာ သမ္မတရုံးကန့်သတ်ဝေဟင်ကို မြောက်ဘက်အစပ်မှ ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါ မြောက်ကိုရီးယား မောင်းသူမဲ့ လေယာဉ်များကို တောင်ကိုရီးယားစစ်ဘက်က တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ စေလွှတ်၍ ပစ်ချရန်ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားမောင်းသူမဲ့ လေယာဉ်များ ပြဿနာကြောင့် တောင်ကိုရီးယား စစ်ဘက်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်မှာ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ KKO

# ဆိုမာလီယာ၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံးလူ ၁၅ ဦးသေဆုံး၍ ဦးရေ ၄၀ ဒဏ်ရာရ

**မိုဂါဒီရှူး ဇန်နဝါရီ ၅**

ဆိုမာလီယာနိုင်ငံ အလယ်ပိုင်း၌ အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ ကားဗုံးခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် ဇန်နဝါရီ ၄ ရက်က အနည်းဆုံး လူပေါင်း ၁၅ ဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မားဘက်ခ်အမည်ရှိမြို့၌ ဖြစ်ပွားခဲ့သည့် အဆိုပါကားဗုံးခွဲတိုက်ခိုက်မှုများအတွင်း လူဦးရေ ၄၀ လည်း ဒဏ်ရာများရခဲ့ကြောင်း ဆိုမာလီယာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ကားဗုံးခွဲတိုက်ခိုက်မှုများကြောင့် အရပ်သားများ၏နေအိမ်အများအပြားလည်း မီးလောင်ကျွမ်းခဲ့ရကြောင်း သိရသည်။

မာဘက်ခ်မြို့ ကားဗုံးခွဲတိုက်ခိုက်မှုများအတွက် မိမိတို့တွင် တာဝန်ရှိကြောင်း အယ်လ်ရှာဘတ်အုပ်စုက ကြေညာချက်ထုတ်ပြန်ထားသည်။

အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုသည် ၂၀၀၇ ခုနှစ်မှစ၍ ဆိုမာလီယာအစိုးရကို အကြမ်းဖက်တိုက်ခိုက်နေသည့် စစ်သွေးကြွအုပ်စုဖြစ်သည်။

ဆိုမာလီယာအစိုးရတပ်များက ထိုးစစ်ဆင် တိုက်ခိုက်နေသော်လည်း အယ်လ်ရှာဘတ်အုပ်စုအနေဖြင့် ပြီးခဲ့သည့်လများအတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ အကြိမ်ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

KKO



# ပုပ်ဘင်နီဒစ်-၁၆ ၏ ဈာပနအခမ်းအနား ဗာတီကန်နန်းတော်၌ ကျင်းပ

**ရောမ ဇန်နဝါရီ ၅**

ရိုမန်ကတ်သလစ် ခရစ်ယာန်သာသနာပိုင်ဟောင်း ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်-၁၆ ၏ ဈာပနအခမ်းအနားကို အီတလီနိုင်ငံ ရောမမြို့ဗာတီကန်နန်းတော်၌ ယနေ့တွင်ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပုပ်ဘင်နီဒစ်၏ ဈာပနအခမ်းအနားကို လက်ရှိပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကိုယ်တိုင် ဦးစီး၍ ဗာတီကန်နန်းတော် စိန့်ပီတာရင်ပြင်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။



ပုပ်ဘင်နီဒစ်၏ ဈာပနအခမ်းအနား ဝတ်ပြုဆုတောင်းပွဲသို့ ညီလ်ပရိသတ်ဦးရေ ၅၀၀၀၀ ထိ တက်ရောက်ခဲ့ကြကြောင်း ဗာတီကန်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ဈာပနအခမ်းအနားပြီးဆုံးချိန်တွင် ပုပ်ဘင်နီဒစ်၏ရုပ်ကလာပ်ကို ခေါင်းတလားသုံးထပ်ဖြင့် ထည့်၍ စိန့်ပီတာဘုရားကျောင်းမြေအောက်ဂူသချိုင်း၌ မြှုပ်နှံမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ်မှ အနားယူခဲ့သည့် ပုပ်ဘင်နီဒစ်သည် နှစ်ပေါင်း ၆၀၀ အတွင်း ပုပ်ရဟန်းမင်းကြီးအဖြစ် သက်ရှိထင်ရှား အနားယူခဲ့သည့် ပထမဆုံးပုပ်ရဟန်းမင်းကြီးဖြစ်သည်။

ပုပ်ဘင်နီဒစ်သည် ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဗာတီကန်နန်းတော်ကျောင်းတိုက်တစ်တိုက်၌ ကွယ်လွန်ခဲ့သည်။

ပုပ်ဘင်နီဒစ် ဈာပနအခမ်းအနားလုံခြုံရေးအတွက် အီတလီလုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၁၀၀၀ ကျော်တို့က တာဝန်ယူပေးခဲ့ကြောင်း သိရသည်။ KKO

# တရုတ်နှင့်ဖိလစ်ပိုင်တို့က နိုင်ငံခြားရေးဝန်ကြီးဌာနများကြား တိုက်ရိုက်ဆက်သွယ်ရေးလမ်းကြောင်းထားရန် နှစ်နိုင်ငံသဘောတူ

**ပေကျင်း ဇန်နဝါရီ ၅**

တောင်တရုတ် ပင်လယ်ဒေသပိုင်ဆိုင်ခွင့်အငြင်းပွားမှု ပြဿနာများအား ငြိမ်းချမ်းစွာကိုင်တွယ်နိုင်ရေးအတွက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများကြား တိုက်ရိုက်ဆက်သွယ်ရေးလမ်းကြောင်းထားရှိရန် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က ယနေ့တွင် သဘောတူခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နှင့် ဖိလစ်ပိုင်တို့ကြား ဖြစ်ပွားနေသည့် တောင်တရုတ်ပင်လယ်ဒေသပိုင်ဆိုင်ခွင့်အငြင်းပွားမှုပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် နှစ်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီးဌာနများကြား တိုက်ရိုက် ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်ထားမည်ဖြစ်ကြောင်း တရုတ်နှင့်ဖိလစ်ပိုင်တို့က ယနေ့တွင် ထုတ်ပြန်ခဲ့သည့် နှစ်နိုင်ငံပူးတွဲကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာတို့ ဇန်နဝါရီ ၄ ရက်က ပေကျင်းမြို့၌ ဆွေးနွေးပြီးနောက် နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို တရုတ်နှင့်ဖိလစ်ပိုင်တို့က ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါနှစ်နိုင်ငံပူးတွဲကြေညာချက်တွင် နှစ်နိုင်ငံကြားလုံခြုံရေးတင်းမာမှုများကို လျှော့ချရန်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်ရည်ရွယ်သည့်သဘောတူညီချက် ၁၄ ချက် ပါရှိကြောင်း သိရသည်။


ဇန်နဝါရီ ၄ ရက် ဆွေးနွေးပွဲတွင် တရုတ်နှင့်ဖိလစ်ပိုင်တို့အနေဖြင့် တစ်နိုင်ငံ၏ အချုပ်အခြာနယ်မြေပိုင်စိုးမှုကို တစ်နိုင်ငံက လေးစားပေးရန်လည်း တရုတ်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့က ထပ်လောင်းအတည်ပြုခဲ့ကြသည်။

ထို့ပြင် သမ္မတဖာဒီနန်မားကို့စ် ဂျူနီယာ၏ တရုတ်ခရီးစဉ်အတွင်း တရုတ်နှင့်ဖိလစ်ပိုင်တို့သည် တောင်တရုတ်ပင်လယ်၌ ရေနံနှင့်ဓာတ်ငွေ့ရှာဖွေရေးဆွေးနွေးပွဲများ ပြန်စရန်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့အာကာသနည်းပညာကုမ္ပဏီ၏ ဟာကူတို-အာရ်လဆင်းယာဉ်က ဒုတိယအကြိမ်မြောက်ပျံသန်းရာလမ်းကြောင်းထိန်းညှိမှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့



**တိုကျို ဇန်နဝါရီ ၅**

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့ အာကာသ နည်းပညာကုမ္ပဏီ၏ ဟာကူတို-အာရ် လဆင်းယာဉ်သည် ဒုတိယအကြိမ်မြောက် ပျံသန်းရာ လမ်းကြောင်းထိန်းညှိမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

ဟာကူတို-အာရ် လဆင်းယာဉ်သည် ဒုတိယအကြိမ် ပျံသန်းရာ လမ်းကြောင်းထိန်းညှိမှုကို ဇန်နဝါရီ ၂ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အိုင်စပေ့ကုမ္ပဏီက ပြောကြားထားသည်။

အဆိုပါ လဆင်းယာဉ်သည် ဇန်နဝါရီ ၂၀ ရက်တွင် ကမ္ဘာမြေနှင့်အဝေးဆုံးအဖြစ် မိုင်ပေါင်း ၈၆၀၀၀၀ အကွာသို့ ရောက်ရှိမည်ဖြစ်ပြီး ၎င်းအချိန်တွင် လပတ်လမ်းအတွင်း ဝင်ရောက်ရေးအတွက် တတိယအကြိမ်အဖြစ် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုပြုလုပ်မည်ဖြစ်သည်။

အိုင်စပေ့ကုမ္ပဏီသည် ဟာကူတို-အာရ်လဆင်းယာဉ်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ လပတ်လမ်းအတွင်း ဝင်ရောက်ပြီးချိန်တွင် အဆိုပါ လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ဆင်းသက်ရန် ကြိုးစားမည်ဖြစ်သည်။

အစီအစဉ် အောင်မြင်ခဲ့ပါက အိုင်စပေ့ကုမ္ပဏီသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်ခဲ့သည့် ပထမဆုံးပုဂ္ဂလိက အာကာသနည်းပညာကုမ္ပဏီအဖြစ် မှတ်တမ်းဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ KKO

## ငါးရက်လျှင်တစ်ကြိမ် နှစ်သစ်ကူးပြောင်းသွားတတ်သော နေအဖွဲ့အစည်းပြင်ပဓာတ်ငွေ့ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ကင်ဘာရာ ဇန်နဝါရီ ၅**

ငါးရက်လျှင် တစ်ကြိမ် နှစ်သစ်ကူးပြောင်းသွားတတ်သည့် နေအဖွဲ့အစည်းပြင်ပ ဓာတ်ငွေ့ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

TOI-778 b ဟူ၍ အမည်ပေးထားသော အဆိုပါဓာတ်ငွေ့ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၅၃၀ အကွာတွင် တည်ရှိသောကြယ်တစ်စင်းကို ငါးရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေကြောင်း သြစတြေးလျနိုင်ငံ ကွင်းစလန်းတောင်ပိုင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-778 b ဂြိုဟ်နှင့် မိခင်ကြယ်ကြား အကွာအဝေးမှာ လွန်စွာနီးကပ်သည်ဖြစ်ရာ ၎င်းဂြိုဟ်၏ မျက်နှာပြင်အပူချိန်မှာ သံပင်အရည်ပျော်သွားနိုင်လောက်အောင် မြင့်မားကြောင်း သိရသည်။



အဆိုပါဂြိုဟ်နှင့် မိခင်ကြယ်တို့ကြားအကွာအဝေးမှာ မိုင်ပေါင်း ၅ ဒသမ ၆ သန်းခန့်သာရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-778 b ဂြိုဟ်ကို သြစတြေးလျသိပ္ပံပညာရှင်များက အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တုအကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ် လှည့်ပတ်နေသည့်ကြယ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁ ဒသမ ၉၅ ဘီလီယံရှိပြီး တစ်နာရီလျှင် မိုင် ၉၀၀၀၀ ခန့် အမြန်နှုန်းဖြင့် မွှတ်မွှတ်လည်လျက်ရှိကြောင်း သိရသည်။ KKO

## တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးလပတ်အာကာသယာဉ်က လမျက်နှာပြင်နှင့်ကမ္ဘာမြေတို့၏ အဖြူ အမည်းဓာတ်ပုံများကို ပြန်လည်ပေးပို့ခဲ့

**ဆိုးလ် ဇန်နဝါရီ ၅**

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး လပတ်အာကာသယာဉ်သည် လမျက်နှာပြင်နှင့် ကမ္ဘာမြေတို့၏ အဖြူ အမည်းဓာတ်ပုံများကို ပြန်လည်ပေးပို့ခဲ့ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသည် ဒါနူရီအမည်ရှိ အဆိုပါ လပတ်အာကာသယာဉ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လက Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ကိုရီးယားဘာသာစကားအရ လနှင့်ပီတိဟူ၍ အဓိပ္ပာယ်ရသော အဆိုပါ လပတ်အာကာသယာဉ်သည် ပြီးခဲ့သည့်လကမှပင် လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဒါနူရီလပတ်အာကာသယာဉ်က ပေးပို့ခဲ့သော လမျက်နှာပြင်နှင့် ကမ္ဘာမြေဓာတ်ပုံများသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၄ ရက်နှင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ရိုက်ကူးထားသည့် ဓာတ်ပုံများဖြစ်ကြောင်း တောင်ကိုရီးယား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အလေးချိန် ၆၇၈ ကီလိုဂရမ်ရှိသော ဒါနူရီလပတ်အာကာသယာဉ်သည် သိပ္ပံပညာဆိုင်ရာစူးစမ်းလေ့လာရေးလုပ်ငန်းများကို လာမည့်လအတွင်း စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒါနူရီလပတ်အာကာသယာဉ်သည် လကို နှစ်နာရီလျှင် တစ်ကြိမ်ကျ လှည့်ပတ်နေကြောင်း သိရသည်။ KKO

# HEALTH

## ဆေးလိပ်ဖြတ်ပြီးနောက် မိနစ်ပိုင်းအကြာမှာပင် ကျန်းမာရေးအကောင်းဘက်သို့ စတင်ပြောင်းလဲ

**နယူးယောက် ဇန်နဝါရီ ၅**

ဆေးလိပ်ဖြတ်ပြီးနောက် ဆေးလိပ်မီးခိုးကင်းလွတ်သည့် ပထမဆုံး အသက်ရှူမှုပြုလုပ်အပြီး မိနစ်ပိုင်းအကြာမှာပင် ခန္ဓာကိုယ်၏ကျန်းမာရေးအခြေအနေသည် အကောင်းဘက်သို့ စတင်ပြောင်းလဲပြီဖြစ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

ထို့ပြင် နောင်လာမည့်သီတင်းပတ်များအတွင်း၊ လများအတွင်း ကျန်းမာရေးနှင့် အညီအညွတ် အသက်ရှူရလေလေ လူ့ခန္ဓာကိုယ်ရရှိမည့် ကျန်းမာရေးအကျိုးကျေးဇူးများမှာလည်း ဆပွားများပြားလာလေလေဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နောက်ဆုံးဖွာရှိုက်မှုပြုလုပ်ခဲ့ပြီးနောက် မိနစ် ၂၀ ခန့်အကြာတွင် ဆေးလိပ်ဖြတ်ခြင်း၏အကျိုးကျေးဇူးများ ပေါ်ထွက်လာရာ ဆေးလိပ်သောက်သူ၏ နှလုံးခုန်နှုန်းနှင့် သွေးဖိအားနှစ်မျိုးလုံး စတင်ကျဆင်းလာပြီး နောက်ရက်အနည်းငယ်အကြာတွင် သွေးအတွင်း ကာဗွန်မိုနောက်ဆိုက်ပါဝင်မှုအဆင့် ပုံမှန်ဖြစ်လာကြောင်း၊ နောက်ရက်သတ္တနှစ်ပတ်နှင့် သုံးလကြားကာလတွင်မူ ဆေးလိပ်ဖြတ်ထားသူ၏ သွေးလည်ပတ်စီးဆင်းမှု ပိုမိုကောင်းမွန်လာပြီး အဆုတ်၏စွမ်းဆောင်ရည် ပိုမိုအားကောင်းလာကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

ဆေးလိပ်ဖြတ်ပြီးနောက် ချောင်းဆိုးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်လွယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ အိပ်မရခြင်း စသည့်ပြဿနာများရှိသည့်တိုင် ရရှိမည့်ကျန်းမာရေးအကျိုးကျေးဇူးများမှာ များစွာသာလွန်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## မျက်သားခြောက်ရောဂါခံစားနေရသူများတွင် အမြင်အာရုံထာဝရဆုံးရှုံးရမှုနှင့် ရင်ဆိုင်ရနိုင်

**နယူးယောက် ဇန်နဝါရီ ၅**

မျက်သားခြောက်ရောဂါ (Dry Eyes Sydrome) ခံစားရသူများသည် အမြင်အာရုံထာဝရဆုံးရှုံးရမှုပြဿနာနှင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မျက်သားခြောက်ရောဂါရှိနေသူများမှာ အမြင်အာရုံထာဝရဆုံးရှုံးနိုင်ခြေ မြင့်မားနေတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မျက်သားခြောက်ရောဂါကြောင့် မျက်ကြည်လွှာ ထိခိုက်ပျက်စီးသွားတတ်ပြီး မျက်ကြည်လွှာ၏ ကိုယ့်ကိုယ်ကိုယ်ပြန်လည်ကုစားပြုပြင်နိုင်စွမ်း ပြောင်းလဲသွားတတ်ရာ အမြင်အာရုံဆုံးရှုံးနိုင်ခြေလည်း မြင့်မားလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

မျက်သားခြောက်ရောဂါသည် မျက်လုံးက မျက်ရည်အလုံအလောက် ထုတ်မပေးနိုင်တော့သည့်အချိန်တွင် ဖြစ်ပွားတတ်ပြီး မျက်လုံးများယားယံကျိန်းစပ်ခြင်း၊ မျက်လုံးခိုးလိုးခုလုခံစားရခြင်း၊ အလင်းရောင်ကိုမခံနိုင်ခြင်း၊ မျက်လုံးနီခြင်း စသည့်ပြဿနာများ ခံစားရတတ်သည်။

မျက်သားခြောက်ရောဂါသည် ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာတို့ ခံစားနေရသည့် မျက်လုံးကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည်။ KKO



နိုင်ငံတကာ **အားကစားသတင်းများ**

## အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်များ

ML

**မန်ယူ Vs အဲဗာတန်**

**ကစားမည့်ရက်/အချိန် ၇-၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အဲဗာတန် ၁ - ၂ မန်ယူ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| အဲဗာတန် | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

လက်ရှိမှာ ပုံစံကောင်းရရှိနေတဲ့ မန်ယူအသင်းဟာ အိမ်ကွင်းခုနစ်ပွဲ ဆက်ရှုံးပွဲမရှိဘဲ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရရှိခဲ့တာကို တွေ့ရမှာပါ။ အဲဗာတန်အသင်းကတော့ အမှတ်ပေးပြိုင်ပွဲမှာ တန်းဆင်းဇုန်ထဲမရောက်ဖို့ ရုန်းကန်နေရဖို့ အခုပွဲစဉ်မှာ အရန်ကစားသမားတွေနဲ့သာ ပွဲထွက်လာမှာပါ။ ဒါကြောင့် မန်ယူအသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - မန်ယူ ၂ - ၀ အဲဗာတန်**

**ဘုန်းမောက် Vs ဘန်လေ**

**ကစားမည့်ရက်/အချိန် ၇-၁-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘန်လေ ၀ - ၂ ဘုန်းမောက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဘန်လေ | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |

အဓိက ကစားသမားတွေဒဏ်ရာရနေတဲ့ ဘုန်းမောက်အသင်းဟာ လေးပွဲဆက်နိုင်ပွဲမရဘဲ ရုန်းကန်နေရပြီး ရမှတ်လိုနေတာကြောင့် အခုပွဲစဉ်ကို အာရုံစိုက်မယ်မထင်ပါဘူး။ လက်ရှိ ဘန်လေအသင်းကတော့ တိုက်စစ်ပိုင်းထက်မြက်နေတာကြောင့် အခုပွဲစဉ်မှာ ဘုန်းမောက်ကို ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါကြောင့် ဘန်လေကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘုန်းမောက် ၁ - ၂ ဘန်လေ**

## အီတလီစီးရီးအေ ပွဲစဉ် (၁၇) ပွဲကြိုသုံးသပ်ချက်

ML

**ဂျူဗင်တပ် Vs အူဒီးနီးစ်**

**ကစားမည့်ရက်/အချိန် ၇-၁-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၂ - ၀ အူဒီးနီးစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | - | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| အူဒီးနီးစ် | - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

ဂျူဗင်တပ်အသင်းဟာ ဥရောပပြိုင်ပွဲက ထွက်ခွာခဲ့ရပြီးနောက်ပိုင်း အမှတ်ပေးပွဲကိုသာ အလေးထားလာတာကြောင့် နောက်ဆုံးရှစ်ပွဲရှုံးပွဲမရှိခဲ့သလို အခုပွဲစဉ်ကိုလဲ နိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။အူဒီးနီးစ်အသင်းကတော့ ရာသီအစပုံစံကောင်းရနေပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတော့ပါဘူး။ ဒါကြောင့် ဂျူဗင်တပ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျူဗင်တပ် ၁ - ၀ အူဒီးနီးစ်**

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းမှ ဒဏ်ရာပြဿနာကြောင့် အနားယူနေရသည့် တောင်ပံကစားသမားအန်တိုနီသည် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ပြီး လာမည့် အဲဗာတန်အသင်းနှင့်အက်ဖ်အေဖလားပွဲစဉ်ကို ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။
- အမေရိကန်လက်ရွေးစင်အသင်းက ဘာဟက်တာ၏ နေရာတွင် လက်ထောက်နည်းပြ အန်တိုနီဟက်ဆန်ကို ယာယီနည်းပြအဖြစ် ခန့်အပ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

ML

# စီးရီးအေပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးသည့် နာပိုလီအသင်း အင်တာမီလန်အသင်းကို ပထမဆုံးရှုံးနိမ့်




**ရောမ ဇန်နဝါရီ ၅**

ယခုနှစ် ဘောလုံးရာသီတွင် ရှုံးပွဲမရှိဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည့် နာပိုလီအသင်းအနေဖြင့် စီးရီးအေပွဲစဉ် (၁၆) အဖြစ် အင်တာမီလန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နာပိုလီအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲကစားအပြီးတွင် ၁၃ ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရမှတ် ၄၁ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာမှ အေစီမီလန်အသင်းကို ၈ မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သကဲ့သို့ ဥရောပထိပ်သီး ကလပ်ငါးခုတွင်လည်း အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးသည့် စံချိန်တစ်ခုကို ပိုင်ဆိုင်ထားသော်လည်း ယခုအင်တာမီလန်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့သည်။

အဆိုပါပွဲစဉ်တွင် နာပိုလီအသင်းသည် အင်တာမီလန်အသင်း အိမ်ကွင်းတွင် သွားရောက်ကစားခဲ့ရသော်လည်း ပထမပိုင်း ပွဲကစားချိန်တွင် အိမ်ရှင်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေး ကစားနိုင်ခဲ့ကာ ဦးဆောင်ဂိုးရရှိရန် အခွင့်အရေးများ ရှိခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်းတွင် နာပိုလီအသင်းက ပြိုင်ပွဲကို ထိန်းချုပ်ကစားရန် ကြိုးစားခဲ့သော်လည်း ပွဲကစားချိန် ၅၆ မိနစ်အရောက်တွင် ဒီမာကို၏ ဖန်တီးပေးပို့မှုမှ တိုက်စစ်မှူး ဒီဇစ်ကိုက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နာပိုလီအသင်းက ချေပဂိုးရရှိရန် ကြိုးစားခဲ့ရာ အဆုံးသတ်ပိုင်းမသေချာမှုကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

လက်ရှိ စီးရီးအေပွဲစဉ် (၁၆) အပြီးတွင် နာပိုလီအသင်းက ရမှတ် ၄၁ မှတ်ဖြင့် အဆင့် (၁)၊ အေစီမီလန်အသင်းက ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၂)၊ ဂျူဗင်တပ်အသင်းက ရမှတ် ၃၄ မှတ်ဖြင့်အဆင့်(၃)၊ အင်တာမီလန်အသင်းက ရမှတ် ၃၃ မှတ်ဖြင့် အဆင့်(၄) နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ်အကောင်းဆုံးနည်းပြဆုနှင့်ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်

**လန်ဒန် ဇန်နဝါရီ ၅**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်ချီးမြှင့်သည့် နိုဝင်ဘာလ၊ ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုနှင့်ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းများကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း Sky Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လစဉ် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်သော်လည်း ပြီးခဲ့သည့် နိုဝင်ဘာလနှင့်ဒီဇင်ဘာလဆန်းပိုင်းတို့တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် ရပ်နားထားရသောကြောင့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွက် နှစ်လပေါင်းပြီး တစ်လတာအကောင်းဆုံး ကစားသမားဆုကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ နိုဝင်ဘာလ၊ ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆု၏ ဆန်ခါတင် ကစားသမားစာရင်းတွင် မန်ယူအသင်းမှ ကက်စ်မဲရိုးနှင့်ရက်ရှ်ဖို့ဒ်၊ မန်စီးတီး အသင်းမှ ဟာလန်း၊ အာဆင်နယ်အသင်းမှ အိုဒီဂတ်နှင့် ဆာကာ၊ ဖူလ်ဟမ်အသင်းမှ ပေါ်လင်ဟာ၊ ဘရန့်ဖို့ဒ်အသင်းမှ ဘန်မီးလ်နှင့်နယူးကာဆယ်အသင်းမှ ထရစ်ပီးယားတို့ ပါဝင်လာခဲ့ကြသည်။

အလားတူ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် အကောင်းဆုံး ဆန်ခါတင် နည်းပြစာရင်းတွင်လည်း မန်ယူအသင်း နည်းပြ တန်ဟတ် ချန်လှပ်ခံခဲ့ရပြီး အာဆင်နယ်အသင်းနည်းပြ အာတီတာ၊ ဘရန့်ဖို့ဒ်အသင်းနည်းပြ သောမတ်ဖရန့်၊ လီတာပူးအသင်းနည်းပြ ကလော့ပ်၊ နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟိုဝီတို့ ပါဝင်လာခဲ့ကြကြောင်း သိရသည်။

STA

# Adelaide International 1 ကွာတားဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ် တက်ရောက်



**ကင်ဘာရာ ဇန်နဝါရီ ၅**

သြစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် Adelaide International 1 တင်းနစ်ပြိုင်ပွဲ ၁၆ ယောက်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ပြင်သစ်တင်းနစ်ကစားသမားကွင်တင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း CBS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် သြစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲ၌ ပြန်လည်ပါဝင်ယှဉ်ပြိုင်ခွင့် ရခဲ့ပြီးနောက် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် Adelaide International 1 တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် ကွင်တင်ကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် နောက်မှလိုက်ကစားခဲ့ရသော်လည်း ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည့်အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့သည်။

ကမ္ဘာ့အဆင့် (၅) နေရာတွင် ရပ်တည်နေသည့် ဂျိုကိုဗစ်သည် ကမ္ဘာ့အဆင့် (၆၄) နေရာတွင် ရပ်တည်နေသည့် ကွင်တင်အား ပွဲငယ်နှစ်ပွဲစလုံး၌ Tie-break အဆင့်ထိကစားခဲ့ပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကွင်တင်က "ဂျိုကိုဗစ်ဟာ တင်းနစ်လောကရဲ့ အကောင်းဆုံးတွေထဲက တစ်ယောက်ပါ။ ဂျိုကိုဗစ်ကို အကြိတ်အနယ် ကစားနိုင်ခဲ့သလို ဦးဆောင်ခွင့်တောင် ရခဲ့ပါသေးတယ်။ အနိုင်ယူဖို့ခက်ခဲတဲ့ ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့ရပေမဲ့လဲ ဒီပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ကနေဒါ အဆင့် (၂) တင်းနစ်ကစားသမား ရှာပိုဗာလော့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

AZL

# ခံစစ်ကစားသမား ဗန်ဒိုက် ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိဟု လီဗာပူးအသင်းထုတ်ပြန်



**လန်ဒန် ဇန်နဝါရီ ၅**

လီဗာပူးအသင်းမှ အဓိက ခံစစ်ကစားသမား ဗန်ဒိုက်သည် ပြီးခဲ့သည့် ဇန်နဝါရီ ၃ ရက်က ကစားခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင်ရရှိခဲ့သည့် ပေါင်ကြွက်သား ဒဏ်ရာကြောင့် လာမည့် အက်ဖ်အေဖလားပွဲစဉ်နှင့် အမှတ်ပေးပွဲစဉ်တို့ကိုလွဲချော်မည့်အပြင် ကာလရှည် အနားယူရဖွယ်ရှိကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဗန်ဒိုက်သည် ဘရန့်ဖို့ဒ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း ပထမပိုင်းပွဲကစားချိန်အတွင်း ပေါင်ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် အသင်းဖော်ကစားသမား မာတစ်နှင့် လူစားလဲခဲ့ရပြီး ၎င်း၏ ဒဏ်ရာအခြေအနေမှာ အချိန်ကာလတစ်ခုထိ အနားယူရမည်ဖြစ်၍ လာမည့် ဇန်နဝါရီ ၇ ရက် ဝုဗ်အသင်းနှင့် အက်ဖ်အေဖလားပွဲစဉ်၊ ဇန်နဝါရီ ၁၄ ရက်တွင် ကစားရမည့် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တို့ အပါအဝင် အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

လီဗာပူးအသင်း အနေဖြင့် ဗန်ဒိုက်ကို ဇန်နဝါရီလကုန်တွင် ပြန်လည်ကစားနိုင်ရန် မျှော်မှန်းထားသော်လည်း လက်ရှိဒဏ်ရာ အခြေအနေမှာ ပိုမိုဆိုးရွားလာသောကြောင့် အသင်းနှင့် ပူးပေါင်းနိုင်မည့်အချိန်ကို အတည်ပြုနိုင်ခြင်း မရှိခဲ့ဘဲ ယခုနှစ်ဘောလုံးရာသီကုန်ထိ လက်လွှတ်ရဖွယ်ရှိကြောင်း သိရသည်။

လီဗာပူးအသင်းသည် ရာသီအစပိုင်းတွင် ရလဒ်ပိုင်းတည်ငြိမ်ခဲ့သော်လည်း ကွင်းလယ်ကစားသမားများဖြစ်သည့် ဂျိုတာနှင့် လူးဝစ်ဒီယက်ဇ်တို့ ပါဝင်နိုင်ခြင်းမရှိချိန်တွင် ရလဒ်ပိုင်း ကျဆင်းလာခဲ့ကာ လက်ရှိတွင် ခံစစ်ကစားသမား ဗန်ဒိုက်ကို ထပ်မံလက်လွှတ်ရမည်ဖြစ်သောကြောင့် အသင်းအတွက် အဓိက ထိုးနှက်ချက်ဖြစ်ခဲ့ပြီး ပရီးမီးယားလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ရုန်းကန်ရဖွယ်ရှိကြောင်း သိရသည်။ ML

# ဘိုင်ယန်မြူးနစ်အသင်းက ဂိုးသမား ဆွန်မာနှင့်အတူ ဒါလေဘလိုင်းတို့ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

**ဘာလင် ဇန်နဝါရီ ၅**

ဘိုင်ယန်မြူးနစ် အသင်းက ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလ မတိုင်မီ ဂလာဘတ်အသင်းမှ ဂိုးသမား ဆွန်မာနှင့် အေဂျက်အသင်း ကစားသမားဟောင်း ဒါလေဘလိုင်းတို့ကို ခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းမှ အဓိကဂိုးသမားနူအာသည် ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ ကာလရှည် အနားယူရမည်ဖြစ်သည့်အတွက် ၎င်း၏ နေရာတွင် အစားထိုးရန် ဂိုးသမားတစ်ဦးရှာဖွေမှုများ ပြုလုပ်ခဲ့ရာ ယခုအခါ ဆွန်မာကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂလာဘတ်အသင်းနှင့်ဂိုးသမား ဆွန်မာတို့၏ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ရာသီကုန်ဆုံးချိန်တွင် ခေါ်ယူမည်ဆိုပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သော်လည်း ဘိုင်ယန်မြူးနစ်အသင်းက လက်ကျန်ဘောလုံးရာသီအပြင် ဆွန်မာကို ရေရှည်အသုံးပြုလိုနေသည့်အတွက် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အလားတူ ခံစစ်ကစားသမား ဒါလေဘလိုင်းသည်လည်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အေဂျက်အသင်းနှင့် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ပြီး အစောပိုင်းက စပိန်ကလပ်အသင်းများနှင့်သတင်းထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ဘိုင်ယန်မြူးနစ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။ STA

# IFFHS တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို ရီးရဲလ်မက်ဒရစ် ဂိုးသမား ကော့တွိုက်ရရှိ

**လန်ဒန် ဇန်နဝါရီ ၅**

နိုင်ငံတကာဘောလုံးသမိုင်းနှင့် စာရင်းအင်းအဖွဲ့ချုပ် (International Federation of Football History & Statistics (IFFHS)) က ရွေးချယ်ချီးမြှင့်သည့် ၂၀၂၂ ခုနှစ် တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်း ဂိုးသမား ကော့တွိုက်က ရရှိခဲ့ကြောင်း IFFHS.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ငံတကာဘောလုံးသမိုင်းနှင့် စာရင်းအင်းအဖွဲ့ချုပ်(International Federation of Football History & Statistics (IFFHS)) က တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ပြီးခဲ့သည့် ၁၉၈၈ ခုနှစ်ကတည်းက စတင်ရွေးချယ်ချီးမြှင့် ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ဂိုးသမား ကော့တွိုက်သည် ၂၀၂၂ခုနှစ်အတွင်း လက်ရွေးစင် ဘယ်ဂျီယံအသင်းနှင့်အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြပြီး အောင်မြင်မှုများစွာရရှိခဲ့ကာ အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊ စပိန်လာလီဂါဖလား၊ ဥရောပစူပါဖလား အစရှိသည့် ဆုဖလားများကို ဆွတ်ခူးနိုင်ခဲ့သည်။



နိုင်ငံတကာဘောလုံးသမိုင်းနှင့် စာရင်းအင်းအဖွဲ့ချုပ် (International Federation of Football History & Statistics (IFFHS)) က တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုအတွက် ရမှတ်များ သတ်မှတ်ကာ ရွေးချယ်ချီးမြှင့် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကော့တွိုက်က ရမှတ် ၁၂၅ မှတ်ထိ ရရှိခဲ့ကာ တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကိုဆွတ်ခူးနိုင်ခဲ့ပြီး ကော့တွိုက်၏ နောက်တွင် အာဂျင်တီးနားအသင်းနှင့်ကမ္ဘာ့ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် မာတီနက်ဇ်က ရမှတ် ၁၁၀ မှတ်ဖြင့် အဆင့် (၂)နေရာတွင် ရပ်တည်ခဲ့ပြီး ဆီဗီလာအသင်းနှင့် မော်ရိုကိုအသင်းဂိုးသမား ဘိုနိုက အဆင့်(၃)ခရိုအေးရှားနှင့် ဒိုင်နမိုဇာဂရက်အသင်းဂိုးသမား လီဗာကိုဗစ်က အဆင့်(၄)၊ စပါးအသင်းနှင့်ပြင်သစ်အသင်းဂိုးသမား လိုရစ်က အဆင့် (၅) နေရာတွင် အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။ STA

# Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မက်အီလ်ရွိုင်း ယှဉ်ပြိုင်ခြင်းမရှိသည့်အတွက် ကမ္ဘာ့အဆင့် (၁) နေရာပြောင်းလဲနိုင်

**ဒပ်ဘ်လင် ဇန်နဝါရီ ၅**

ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင် ကျင်းပသည့် Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ပြီးနောက်ပြိုင်ပွဲအပြီးတွင်မက်အီလ်ရွိုင်း၏ ကမ္ဘာ့အဆင့် (၁)နေရာမှာ ပြောင်းလဲသွားနိုင်ကြောင်း GM သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်ကစားသမားဖြစ်သူ အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် အမှတ်ပေးဇယား၏ အဆင့် (၃) အတွင်း ရပ်တည်နိုင်ခဲ့ပါက ကမ္ဘာ့အဆင့် (၁) နေရာကို ပြန်လည် ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မက်အီလ်ရွိုင်း အနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက်ထိန်းသိမ်းသွားလိုသော်လည်းSentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိသည့် ဆုံးဖြတ်ချက်ကြောင့် ကမ္ဘာ့အဆင့် (၁) နေရာကို စွန့်လွှတ်ရရန် ရာခိုင်နှုန်းများလာခဲ့သည်။

အမေရိကန် ကစားသမား စကော့တီရှက်ဖလာက "Sentry Tournament of Champions ဂေါက်သီးရိုက်ပြိုင်ပွဲက ကျွန်တော့်အတွက် အရေးကြီးတဲ့ ပြိုင်ပွဲတစ်ရပ်ပါ။ ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီမှာ ကမ္ဘာ့အဆင့်(၁) နေရာနဲ့ အဆုံးသတ်ခွင့်ရဖို့အတွက် အကောင်းဆုံး ကြိုးစားခဲ့ပေမဲ့လဲ အဆင်မပြေခဲ့ဘူး။ အခု ကမ္ဘာ့အဆင့် (၁) နေရာကို ပြန်ယူနိုင်မဲ့ အခွင့်အရေးရလာခဲ့ပြီ။ ပြိုင်ပွဲမှာ ချန်ပီယံမဖြစ်ရင်တောင် အဆင့် (၃) အတွင်း ဝင်နိုင်ဖို့ လိုတယ်။ ဒါဆိုရင် ကျွန်တော် ပြန်လိုချင်နေတဲ့ ကျွန်တော့်နေရာကို ပြန်လည်ရယူနိုင်တော့မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ပြင်သစ်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ရှုံးထွက်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်များ

STA

**လိုင်ယွန် Vs မက်**

**ကစားမည့်ရက်/အချိန် ၇-၁-၂၀၂၃ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မက် ၃ - ၂ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုင်ယွန်** | - | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |
| **မက်** | - | **အိမ်(ရှုံး)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |

နှစ်သင်းစလုံးနောက်ပိုင်းပွဲစဉ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု မရှိပေမဲ့ လိုင်ယွန်အသင်းကတော့ အိမ်ကွင်းမှာအမှားခံမှာမဟုတ်ပါဘူး။ လက်ရှိမက်အသင်းက ကစားသမားစုဖွဲ့မှုအားနည်းသလို အဝေးကွင်းခြေစွမ်းပိုင်းကလဲ ကျဆင်းနေတာကြောင့် လိုင်ယွန်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဒီပွဲမှာ လိုင်ယွန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၂ - ၁ မက်**

**မိုနာကို Vs ရိုဒက်**

**ကစားမည့်ရက်/အချိန် ၇-၁-၂၀၂၃ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မိုနာကို** | - | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **ရိုဒက်** | - | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲရယူထားတဲ့ မိုနာကိုအသင်းကို ရိုဒက်အသင်းပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ အဝေးကွင်းနှစ်ပွဲဆက် ရှုံးပွဲကြုံထားတဲ့ ရိုဒက်အသင်းရဲ့ကစားပုံကလဲ ဆိုးရွားနေလို့ မိုနာကို အလွယ်တကူအသာစီးရယူနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မိုနာကို ၂ - ၀ ရိုဒက်**

# ဘဏ္ဍာရေးအကျပ်အတည်းကြုံတွေ့နေရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ

အသင့်ချုပ်လုပ်ထားသော အဝတ်အထည် (Ready-made Garments-RMG)ကဏ္ဍမှ နိုင်ငံခြားဝင်ငွေရရှိနေသောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကုန်သွယ်ရေးလမ်းကြောင်းသည် ဖြောင့်ဖြူးသည်ဟု မကြာခဏ ပြောဆိုလေ့ရှိကြသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်မှ အခွန်ငွေရရှိမှုသည် အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံရှိခဲ့သောကြောင့် စံချိန်တင်မြင့်တက်ခဲ့သည်။ အဆိုပါဘဏ္ဍာနှစ်အတွင်း လက်ရက်ထည်တင်ပို့မှုသည် ၃၃ ဒသမ ၈၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄ ဘီလီယံရရှိခဲ့ကာ ဇာထိုးပန်းထိုးအထည်အလိပ်တင်ပို့မှုသည် ၃၆ ဒသမ ၈၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂၁ ဘီလီယံရရှိခဲ့သည်။

သို့သော် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမလေးလတာကာလအတွင်း ဓာတုပစ္စည်းထုတ်ကုန်တင်ပို့မှုသည် ၃၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ လယ်ယာထုတ်ကုန်တင်ပို့မှုသည် ၁၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဒေးခဲငါးတင်ပို့မှုသည် ၇ ဒသမ ၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးလျော့နည်းကျဆင်းသွားခဲ့သည်။

ပြည်ပမှတင်သွင်းခဲ့ရသော သွင်းကုန်အများစုတွင် စက်ပစ္စည်းများ၊ ဓာတုထုတ်ကုန်များ၊ ရေနံကို အခြေခံသည့် ထုတ်ကုန်များအပါအဝင် ဈေးနှုန်းကြီးမြင့်သောကုန်ပစ္စည်းများစွာပါဝင်ခဲ့သည်။ သွင်းကုန်နှင့်ပြည်ပပို့ကုန်တို့ကြား တန်ဖိုးကွာဟချက်သည် ကုန်သွယ်ရေးလိုငွေများပြလာခဲ့ပြီး နောက်ဆုံးတွင် တိုင်းပြည်ငွေပေးချေမှုများ၏လက်ကျန်စာရင်း(Balance of Payments-BOP)အပေါ် သက်ရောက်မှုသိသိသာသာဖြစ်ပေါ်လာစေခဲ့သည်။ အကျိုးဆက်အနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြားတွင် ဘင်္ဂလားဒေ့ရှ်၏ ကုန်သွယ်မှုအခြေအနေသည် Gross Domestic Product (GDP) ၏ ၃ ဒသမ ၄၉ ရာခိုင်နှုန်းမှသည် ၆ ဒသမ ၄ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။

စင်စစ်အားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တန်ဖိုးနိမ့်ထုတ်ကုန်များကို တင်ပို့နေရဆဲဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်ကတည်းက ပြည်ပပို့ကုန်တင်ပို့ရာတွင် ပစ္စည်းအမျိုးအမည်ပြောင်းလဲနိုင်ခြင်းမရှိသေးပေ။ တောင်ကိုရီးယား၊ တရုတ်နှင့် အရှေ့တောင်အာရှဒေသရှိ ၎င်း၏ကုန်သွယ်မှုပြိုင်ဘက်များသည် အဝတ်အထည်နှင့် ဖိနပ်တို့ကို တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့ခြင်းဖြင့် ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။


ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်ပပို့ကုန်များဖြစ်သည့် ဇာထိုးပန်းထိုး၊ လက်ရက်ထည်၊ တီရှပ်နှင့် ချည်ထည်များသည် လက်ရှိအချိန်၌ ဗီယက်နမ်ထုတ်ကုန်များနှင့်ယှဉ်ပြိုင်ရာတွင် အားနည်းချက်ရှိလာပြီဖြစ်သည်။ အကြောင်းမှုကား ဗီယက်နမ်နိုင်ငံသည် ပို့ဆောင်ရေးဆိုင်ရာအခြေခံအဆောက်အအုံများနှင့် လျှပ်စစ်စွမ်းအင်ရရှိနိုင်မှုတို့ကဲ့သို့သော စီးပွားရေးအထောက်အကူပြုလုပ်ငန်းများ သာလွန်နေသောကြောင့်ပင်ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဘဏ္ဍာရေးလိုငွေပြမှုသည် ၃၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၇ ဘီလီယံမှ ၁၈ ဒသမ ၆၉ ဘီလီယံထိ မြင့်တက်လာခဲ့သည်။

ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပို့ကုန်၊ သွင်းကုန်စီးပွားရေးလုပ်ငန်းမှ ကုန်သွယ်ရေးလိုငွေပြမှုနှင့် လတ်တလောဘတ်ဂျက်တို့တွင် လိုငွေပြမှုဟူ၍ လိုငွေပြမှုနှစ်ခုနှင့်ကြုံတွေ့ရလျက်ရှိသည်။ ဘတ်ဂျက်လိုငွေနှင့်ကုန်သွယ်ရေးလိုငွေတို့သည် ရေရှည်၌လိုငွေပြမှုများကိုဖြစ်ပေါ်စေနိုင်ကြောင်း ၂၀၂၁ ခုနှစ်အတွင်းက ပြုလုပ်ခဲ့သော လက်တွေ့လေ့လာဆန်းစစ်ချက်များက ဖော်ပြလျက်ရှိသည်။ ထို့ကြောင့် ဘတ်ဂျက်လိုငွေပြမှုကို စီမံခန့်ခွဲခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ရှိလိုငွေပြမှုနှင့် BOP တည်ငြိမ်ရေးထိန်းသိမ်းရာတွင် များစွာအရေးပါလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံလို စားသုံးသူအားပေးသည့် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပြည်တွင်းနှင့်ပြည်ပကြွေးမြီများရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ ဘဏ္ဍာရေးနှင့် လတ်တလောငွေစာရင်းတို့တွင် လိုငွေဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းနှစ်ရပ်ရှိနိုင်သည်။ ပထမအချက်မှာ အစိုးရအသုံးစရိတ် မြင့်တက်လာပြီး ပြည်တွင်းစားသုံးသူများထံမှ အခွန်အကောက်လျော့နည်းလာခြင်းသည် ဘတ်ဂျက်လိုငွေမြင့်တက်လာစေသည်။ ထို့နောက် သွင်းကုန်များမြင့်တက်လာသောကြောင့် လတ်တလောငွေစာရင်းတွင် လိုငွေပြမှုများ မြင့်တက်လာစေတော့သည်။

ဒုတိယအချက်မှာ ဘတ်ဂျက်လိုငွေမြင့်တက်လာခြင်းသည် အတိုးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေသည်။ အတိုးနှုန်းမြင့်တက်လာခြင်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများပိုမိုဆွဲဆောင်လာသဖြင့် အရင်းအနှီးများပိုမိုလာသော်လည်း လတ်တလောငွေစာရင်းဖောင်းပွမှုကို ဖြစ်ပေါ်စေသည်။ ရင်းနှီးမြှုပ်နှံမှုငွေ ပိုမိုလာခြင်းသည် လတ်တလောငွေစာရင်းအပေါ် သက်ရောက်မှုဖြစ်ပေါ်စေနိုင်သည်။ ငွေပေါ်လွယ်မှုမြင့်တက်လာခြင်းသည် စားသုံးသူဝယ်လိုအား မြင့်တက်လာသောကြောင့် သွင်းကုန်များပိုမိုတင်သွင်းရပြီးဖြစ်သဖြင့် လတ်တလောငွေစာရင်း၌ လိုငွေများပြလာတော့သည်။

အခြားတစ်ဖက်ကကြည့်မည်ဆိုလျှင် ရင်းနှီးမြှုပ်နှံငွေများစီးဝင်လာခြင်းသည် အမျိုးသားငွေကြေးတန်ဖိုး ပိုမိုခိုင်မာလာစေပြီး သွင်းကုန်တန်ဖိုးကျဆင်းစေကာ ပြည်တွင်းဝယ်လိုအားမြင့်တက်လာသောကြောင့် ပြည်ပပို့ကုန်တန်ဖိုးများ မြင့်တက်လာစေမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ပပို့ကုန်မှ အခွန်ငွေရရှိမှုလျော့နည်းလာသဖြင့် လက်ရှိငွေစာရင်းတွင် လိုအပ်ချက်မြင့်မားစေသည်။ ဆိုရလျှင် ဘင်္ဂလားဒေ့ရှ်ငွေကြေး တာကာ တန်ဖိုးသည် လွန်ခဲ့သောနှစ်အတွင်း သိသိသာသာကျဆင်းလာခဲ့သည်။




နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(Foreign Direct Investment-FDI) သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ BOP စုစုပေါင်းလိုငွေပြသမှုကိုလျှော့ချရာတွင် အဓိကကျသော ရင်းနှီးမြှုပ်နှံမှုငွေစာရင်းအဖြစ် ပါဝင်လျက်ရှိသည်။ FDI သည် ရေတိုလိုအပ်ချက်ကိုဖြေရှင်းရာတွင် တိုင်းပြည်၏စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်သည်။ ထို့ပြင် FDI သည် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုကွာဟချက်များလျှော့ချခြင်းအားဖြင့် နည်းပညာဆိုင်ရာလိုအပ်ချက်များနှင့်တီထွင်ဆန်းသစ်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် FDI စီးဝင်မှုသည် GDP အချိုးထက် သိသိသာသာကျဆင်းလာခဲ့ရာ ၂၀၁၇ ခုနှစ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၀၂၀ ပြည့်နှစ်တွင် သုည ဒသမ ၄ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရေး တိုင်းပြည်၏ FDI မူဝါဒတစ်စိတ်တစ်ဒေသအနေဖြင့် ပြင်ပပို့ကုန်မြှင့်တင်ရေးဇုန်များနှင့် စီးပွားရေးဇုန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ထူထောင်ထားရှိသည်။ လွန်ခဲ့သောလေးနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စီးပွားရေးလုပ်ငန်းများတွင် ဖြေလျှော့မှုများဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် လျှပ်စစ်စွမ်းအားရရှိအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် FDI များ ပိုမိုစီးဝင်လာအောင် ဆောင်ရွက်ခဲ့သည်။

အခြေခံအဆောက်အအုံစီမံကိန်းများကို စတင်အကောင်အထည်ဖော်လျက်ရှိသော်လည်း FDI စီးဝင်လာမှုကိုဆွဲဆောင်နိုင်ခဲ့ခြင်းမရှိပေ။ RMG နှင့် အခြားသောကဏ္ဍများတွင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ခြင်းမရှိသေးပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၉ ခုနှစ်အတွင်း အာရှဒေသ၌ FDI စီးဝင်မှုအနိမ့်ဆုံးနိုင်ငံများအနက်မှ တစ်နိုင်ငံအဖြစ်ရပ်တည်ခဲ့ပြီး FDI စီးဝင်မှုသည် တိုင်းပြည် GDP ၏ သုည ဒသမ ၅၃ ရာခိုင်နှုန်းနှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံသာရှိခဲ့သည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့ဘဏ်၏ ၂၀၂၀ ပြည့်နှစ် စီးပွားရေးလုပ်သာကိုင်သာရှိမှုတွင် အဆင့် (၁၆၈) ၌ ရပ်တည်ခဲ့သည်။

အငြင်းပွားမှုများဖြေရှင်းခြင်းနှင့် ပိုင်ဆိုင်မှုအခွင့်အလမ်းများလွှဲပြောင်းရာတွင် သိမ်မွေ့ရှုပ်ထွေးခြင်း၊ အဂတိလိုက်စားမှုများရှိနေခြင်းအပြင် စွမ်းအင်ရရှိရေးအတွက် ကန့်သတ်ချက်များရှိနေသော နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းစတင်ခြင်းသည် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်၏ ငွေကြေးမူဝါဒသုံးသပ်ချက်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် GDP တိုးတက်မှုနှုန်း ၇ ဒသမ ၂ ရာခိုင်နှုန်းရှိနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားရှိသည်။ သို့သော် လက်ရှိငွေကြေးဖောင်းပွမှုများ၊ နိုင်ငံခြားအရန်ငွေလျော့နည်းလာမှုများ၊ ပြည်တွင်းသုံးငွေတန်ဖိုးကျဆင်းလာမှုများ၊ အစိုးရအခွန်ငွေပြတ်တောက်လာမှုများ၊ ကုန်သွယ်ရေးလိုငွေပြလာမှုများနှင့် FDI လျော့နည်းကျဆင်းလာမှုတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆိုခဲ့ပါရည်မှန်းချက်ဖြစ်သည့် GDP ရရှိနိုင်အောင် အကောင်အထည်ဖော်သွားနိုင်ဖွယ်ရာရှိမည်မဟုတ်ချေ။

အစိုးရအနေဖြင့် အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ခြိုးခြံချွေတာရေးမှုကိုလည်း ကျင့်သုံးလျက်ရှိသည်။ သာဓကအနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အရေးမပါသောစီမံကိန်းများအတွက် ဘဏ္ဍာငွေခွဲဝေမှုကိုဆိုင်းငံ့ထားရှိသည်။ လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေတိုအဖြေအတွက်သာ အလေးထားဆောင်ရွက်ရလျက်ရှိသည်။ တိုင်းပြည်စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုထိန်းသိမ်းထားနိုင်ရန်အတွက် BOP နှင့်အစိုးရ၏ဘဏ္ဍာရေးအသုံးစရိတ်များ တည်ငြိမ်အောင်ဆောင်ရွက်သွားရေးတို့အပေါ် အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- Bangladesh faces balance of payments vulnerabilities by Asia Times.**

**ဝင်းဇင်(သုတေသန)**

# တောင်ငူမြို့နယ်၌ ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်ငူ ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် နေပူကုန်းကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ပိတောက်ကုန်းကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးက ကျေးရွာစီမံကိန်းကော်မတီဝင်များ အနေဖြင့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးစားပေးကြသလို အဆိုပါလုပ်ငန်း မပျက်စီးအောင်၊ ရေရှည်ကောင်းမွန်အောင်လည်း ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပိတောက်ကုန်းကျေးရွာတွင် ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၃၆၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ပိတောက်ကုန်းကျေးရွာရှိ အိမ်ခြေ ၈၅ အိမ်၊ လူ ၃၉၁ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးက ပြောပြ၍ သိရသည်။

**ကိုလှိုင်**

# နာမည်ကျော်ကြားခဲ့ကြသည့် ပန်းချီဆရာကြီးများ၏ ပန်းချီကားများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၇ ရက်ထိ အွန်လိုင်းမှ ပြသသွားမည်



**ရန်ကုန် ဇန်နဝါရီ ၅**

နာမည်ကျော်ကြားခဲ့ကြသည့် ကွယ်လွန်ထင်ရှား ပန်းချီဆရာကြီးများ၏ ပန်းချီကားများကို ယခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ဇန်နဝါရီ ၁၇ ရက်ထိ အွန်လိုင်းမှပြသသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမရပန်းချီပြခန်းတာဝန်ခံ မသန္တာဝင်းလွင်က ပြောပြ၍ သိရသည်။

အဆိုပါ ရေဆေးသီးသန့် ပန်းချီပြပွဲတွင် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က ရေဆေးပန်းချီလောက၌ ထင်ရှားသည့် ပန်းချီ ဦးငွေကိုင် (၁၉၀၁-၁၉၆၇)၊ ပန်းချီ ရတနာပုံမောင်စု (၁၉၀၁-၁၉၆၅)၊ ပန်းချီ ဦးဘသက် (၁၉၀၃-၁၉၇၂)၊ ပန်းချီ ဦးကြည် (၁၉၀၃-၁၉၈၇)၊ ပန်းချီ ဦးချစ်မြ (၁၉၀၄-၁၉၇၆)၊ ပန်းချီ ဦးချစ်မောင် (၁၉၀၈-၁၉၇၃) တို့၏ပန်းချီကား ၁၈ ကားကို အွန်လိုင်းမှပြသသွားမည်ဖြစ်သည်။

"ရေဆေးပန်းချီလောကမှာ ထင်ရှားပြီး ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီဆရာကြီးတွေရဲ့လက်ရာ ရေဆေးပန်းချီကားတွေကို အွန်လိုင်းပြပွဲအနေနဲ့ ပြသပေးမှာဖြစ်ပါတယ်။ ပန်းချီကားအများစုကတော့ ၁၉၆၀ ပြည့်နှစ်လောက်က ရေးဆွဲထားတဲ့ ပန်းချီကားတွေဖြစ်ပါတယ်။ အားလုံးပေါင်း ပန်းချီကား ၁၈ ကားပဲ ပြသနိုင်တာဖြစ်ပါတယ်" ဟု မသန္တာဝင်းလွင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ်သိန်း ၂၀ မှ အများဆုံးငွေကျပ်သိန်း ၇၀ ထိရှိကြောင်း သိရသည်။ ASH

# ၂၀၂၂ ခုနှစ်၏ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် Top Gun:Maverick ရပ်တည်

**နယူးယောက် ဇန်နဝါရီ ၅**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Top Gun:Maverick ဇာတ်ကားသည် ၂၀၂၂ ခုနှစ်၏ ကမ္ဘာတစ်ဝန်းဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၄ ရက်တွင် ရေးသားတင်ပြထားသည်။

Top Gun:Maverick သည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ ဘီလီယံဖြင့် ၂၀၂၂ ခုနှစ်ကို အဆုံးသတ်ခဲ့ပြီး အဆိုပါဇာတ်ကားသည် Avatar: The Way of Water ဇာတ်ကားကို ကျော်ဖြတ်၍ ၂၀၂၂ ခုနှစ်၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် Top Gun: Maverick ကို ၂၀၂၂ ခုနှစ် မေလတွင် စတင်ရုံတင် ပြသခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားသည် Top Gun (1986) ဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး မူလ Top Gun ရုံတင်ပြသပြီး နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ပြီးမှသာ ထွက်ရှိခဲ့သော ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီး ရိုက်ကူးခဲ့သည့် Top Gun:Maverick ၌ မူလ Top Gun မင်းသား တွမ်ခရုစ် ပြန်လည်ပါဝင်ထားကြောင်း သိရသည်။ KKO




# ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေချည်ထိုးဈေးကွက်တွင် ရွှေချည်ထိုးပန်းချီကားများ ပြန်လည်ဝယ်ယူမှုများရှိလာ

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာ့ရွှေချည်ထိုး အဓိကဈေးကွက်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ရွှေချည်ထိုးဈေးကွက်တွင် ရွှေချည်ထိုးပန်းချီကားများ ပြန်လည်ဝယ်ယူမှုများ ရှိလာပြီဖြစ်ကြောင်း ဗဟန်းမြို့နယ်ရှိ ရွှေဂုံသူ အမှတ်တရပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းသူက ပြောပြ၍ သိရသည်။

မြန်မာ့ရွှေချည်ထိုးပန်းချီကားများမှာ ပြည်ပခရီးသွားများကသာ အဓိကဝယ်ယူကြသဖြင့် ကိုဗစ်ရောဂါကြောင့် ပြည်ပခရီးသွားများ ဝင်ရောက်မှုမရှိတော့သည့် ၂၀၂၀ ပြည့်နှစ်မှစတင်က အဝယ်မရှိတော့ဘဲ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပြည်ပခရီးသွားများ ပြန်လည်ဝင်ရောက်လာသဖြင့် အရောင်းအနည်းငယ်ရှိခဲ့ပြီး ဒီဇင်ဘာလတွင် ပြန်လည်ဝယ်ယူမှုများရှိလာခဲ့ကြောင်း သိရသည်။

"ရွှေချည်ထိုးပန်းချီကားတွေက လက်ဆောင်ပေးလို့ကောင်းတဲ့ ၁၄ လက်မပတ်လည်ပန်းချီကားတွေက ကိုဗစ်မတိုင်ခင်တုန်းကဆိုရင်တော့ ဒီဇိုင်းအမျိုး ၄၀ လောက်ထွက်တယ်။ ကိုဗစ်ကာလမှာတော့ အရောင်းရပ်သွားပြီး ကိုဗစ်အလွန်ကာလမှာလဲ ၂၀၂၁ ခုနှစ် တစ်နှစ်လုံး အရောင်းမရှိခဲ့ပါဘူး။ ၂၀၂၂ ခုနှစ် ခရီးသွားရာသီရောက်လာမှ ပြည်ပခရီးသွား ပြန်ဝင်လာတဲ့အတွက် ဈေးကွက်ပြန်ရတာဖြစ်ပါတယ်။ အရင်ကာလလောက် မရောင်းရသေးပေမဲ့ အရောင်းပြန်ရှိလာတဲ့အတွက် လုပ်ငန်းတွေ ပြန်လည်ပတ်လာပါတယ်။ ဈေးကွက်က အခုမှပြန်စတာဆိုတော့ ဒီဇိုင်းခုနစ်မျိုးကို အချပ်ရေ ၂၀၀ လောက်လုပ်ထားပါတယ်"ဟု ဒေါ်ယမင်းသူက ပြောပြသည်။



လက်ရှိတွင် မြန်မာမှုပုံရိပ်ပါ ရွှေချည်ထိုးပန်းချီကားများဖြစ်သည့် ရွှေတိဂုံစေတီပုံ၊ မြန်မာ့နွားလှည်းပုံ၊ ကိန္နရီကိန္နရာပုံ၊ အိုးစည်ဒိုးပတ်ပုံ၊ ရုပ်သေးနှစ်ပါးသွားပုံများကို ထုတ်လုပ်လျက်ရှိကြောင်း၊ အရွယ်အစားမှာ ၁၄ လက်မပတ်လည် တစ်မျိုးတည်းသာဈေးကွက်အတွင်းရှိနေရာ ဈေးနှုန်းမှာ ငွေကျပ် ၄၅၀၀၀ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အချပ်ရေ ၅၀ ခန့်ရောင်းချရကြောင်း သိရသည်။ ASH

# အဲလ်ဗစ်ပရက်စလေ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် Elvis ဇာတ်ကားကို အခမဲ့ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဇန်နဝါရီ ၅**

ကွယ်လွန်သူကမ္ဘာကျော် ရော့ခ်အင်ရိုးဘုရင်ကြီး အဲလ်ဗစ်ပရက်စလေ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် Elvis ဇာတ်ကားကို ဇန်နဝါရီ ၈ ရက်တွင် အခမဲ့ရုံတင်ပြသရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၄ ရက်တွင် ရေးသားတင်ပြထားသည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် Elvis ဇာတ်ကားကို အမေရိကန်နှင့် ကနေဒါမြို့တော် ၁၀ မြို့တို့၌ အခမဲ့ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

လာမည့်ဇန်နဝါရီ ၈ ရက်သည် ရော့ခ်အင်ရိုးဘုရင်ကြီး အဲလ်ဗစ်ပရက်စလေသာ သက်ရှိထင်ရှား ရှိခဲ့ပါက အသက် ၈၈ နှစ်ပြည့် မွေးနေ့ဖြစ်သည်။

ဒါရိုက်တာ ဘက်လားမန့် ရိုက်ကူးခဲ့သည့် Elvis ဇာတ်ကားသည် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၂၈၀ ထိ ရရှိခဲ့သည်။

ကွယ်လွန်သူ ကမ္ဘာကျော် ရော့ခ်အင်ရိုးဘုရင်ကြီး အဲလ်ဗစ်ပရက်စလေ၏ဘဝကို အခြေခံရိုက်ကူးထားသည့် Elvis ဇာတ်ကားတွင် မင်းသား အော်စတင်ဘတ္တလာ၊ တွမ်ဟင့်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO



# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့်ထုလုပ်ထားသည့် မြင်းပန်းပုရုပ်များ ဝင်ရောက်နေ

**ရန်ကုန် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာမှ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် မြင်းပန်းပုရုပ်များ ဝင်ရောက်နေကြောင်း ရွှေယမင်း မြန်မာလက်မှုပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

အဆိုပါ မြင်းပန်းပုရုပ်အရွယ်အစားမှာ အလျား ၁၆ လက်မ၊ အမြင့် ၂၄ လက်မ၊ ၃ ခုနစ်လက်မရှိရာ ဈေးနှုန်းမှာ ငွေကျပ် လေးသောင်းခွဲဖြစ်ပြီး ဈေးကွက်အတွင်းသို့ ရုပ်တုအရေအတွက် ၂၀၀ ခန့် ဝင်ရောက်ထားကြောင်း သိရသည်။

"ဈေးကွက် အခြေအနေကတော့ ဘုရားကြီး(ရွှေမော်ဓော ဘုရား)ဈေးနဲ့ ကမ္ဘောဇသာဒီ နန်းတော်က ဈေးတန်းနဲ့ မြို့ပေါ်က အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်တွေအနေနဲ့ ပြည်တွင်း ခရီးသွားတွေ ပြန်များလာတဲ့အတွက် ရောင်းအားပြန်တက်နေပါတယ်။ အခု ဇန်နဝါရီလဆန်းမှာ ဘုရားဖူးတွေ ပိုများလာတဲ့အတွက် ပန်းပုရုပ်တွေ၊ ရုပ်သေးတွေ အရောင်းအဝယ်ဖြစ်တယ်။ ဒီလဆန်းရက်မှာပဲ ကုက္ကိုအနှစ်သားနဲ့ ထုလုပ်ထားတဲ့ မြင်းပန်းပုရုပ်တွေ ဈေးကွက်ထဲဝင်လာပါတယ်။ ရန်ကုန် ဒါးပိန်ပန်းပုကျေးရွာကနေ ဝင်လာတာဖြစ်ပါတယ်"ဟု ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။ ASH

# Message delivered by State Administration Council Chairman Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to ceremony to mark 75th Anniversary (Diamond Jubilee) Independence Day

**Esteemed ethnic national people,**

I respectfully extend greetings to all ethnic national people residing throughout the country to enjoy all auspiciousness and physical and mental well-being on the significant occasion of the 75th Anniversary (Diamond Jubilee) Independence Day which occurs on 4 January 2023.

All ethnic national people of Myanmar have been standing tall in unison together as a sovereign country with its own monarch across the world by preserving its own culture and customs for many years. However, as colonialists occupied Myanmar in three aggressive wars in the late 19th century, the country lost its independence and sovereignty in 1885.

Although ethnic national people misunderstood among them their slavery life due to suppression and divide-and-rule administration in various ways and means, all ethnic people born within the Union with the Union spirit under the leadership of ethnic leaders unitedly fought against the colonialists and Fascists with sacrifices. As a result, the Republic of the Union of Myanmar regained independence and sovereignty on 4 January 1948, and this year's occasion takes place on the 75th Anniversary (Diamond Jubilee) occasion.

Although independence can lose in a few days or months, it is necessary to take many years for regaining independence. Forefathers sacrificed life and blood for more than 100 years to regain the independence of Myanmar but the devil legacy of colonialism triggered armed conflicts among ethnic nations and harmed the peace of the Union.

In order to ensure the perpetuity of the regained independence, the entire ethnic national people need to take great care so as to prevent instigations and pressure committed by internal and external destructive elements with the national cause. Moreover, the entire ethnic national people are to keep Our Three Main National Causes in their soul in striving for building the Union based on the genuine, disciplined-flourishing democratic system and federalism for its perpetuity as long the world.

**Esteemed ethnic national people,**

As the energy for humans to be able to do daily processes can be taken from food, food security is the most crucial and primary requisite for all human beings. If people can sufficiently buy healthy food at fair prices in a country, such a country can be defined as one with food sufficiency.

The global population amounted to eight billion at the end of 2022. So, the demand for rations will increase in conformity with the growing population. As Myanmar has been sufficient in food at home in successive eras and it exported surplus agricultural and livestock products to neighbouring countries and global countries, it is necessary to strive for Myanmar to become a country to be able to give food security to global countries.

It must establish a modernized nation by promoting education as the education sector plays a key role in the improvement of the human resources of a nation.

The government also makes efforts for every school-age child to have a learning opportunity for attending the KG+9 of middle school education. More than 70 per cent of the country's population is residing in rural areas and so agriculture, livestock, breeding and technological skills will be taught at the high schools in 50 districts in the coming academic year to uplift the socioeconomic status. Besides this plan, arrangements are underway to expand the schools that offer vocational skills aiming to support the MSMEs.

Myanmar is rich in land, water and natural resources and it should try to develop human resources. For the economic growth of the country, it should encourage the manufacturing industries to produce a certain local product and try hard to be an exporter producing the commodities to meet the country's needs instead of being an Importer of basic commodities, the local demand. It should conduct the natural environmental conservation procedures systematically after the natural resources are explored. Only then, it will claim Sustainable Development.

Since Myanmar gained its independence, it passed years with various political systems, and it reaches its 75th Anniversary (Diamond Jubilee) Independence Day on 4 January 2023. Praising a person who should be honoured and showing gratitude to a person who helps is a good deed (Mingala), and so, honouring should be carried out as a tradition. Despite the different opinions, beliefs and stances within 75 years, the people who work for the interests of the country are presented honorary titles, medals and religious titles regardless of the persons they are.

Peace talks are being held with ethnic armed organizations according to NCA to ensure perpetual peace.

It also heads to a multiparty democratic election that is fair and just to establish a Union based on democracy and federalism that the entire people truly desire.

The two national tasks and two political tasks of the country will be implemented successfully upholding the Union spirit based on the friendship and unity of ethnic national people overcoming the challenges to grab the motto: **"Keep Moving Forward to Achieve Our Goal."**

I send this message urging the entire ethnic national people to participate in implementing the Five National Objectives of the 75th Anniversary (Diamond Jubilee) Independence Day with firm stances for the enduring existence of the country.

## Natural Kyaukpachi beach becomes important destination in tourism industry of Mon State



A spectacular view of the natural Kyaukpachi beach.

**Yangon January 5**

The natural Kyaukpachi beach in Mon State becomes an important tourist destination for tourism services in the state, according to Yangon-based pilgrimage tour agencies.

Mon State is endowed with many ecotourism sites. So, the Ministry of Hotels and Tourism, Mon State government, local hotels and tourism entrepreneurs and organizations are striving for development of tourism industry in Mon State.

As such, the natural Kyaukpachi beach was implemented as an ecotourism site. It is located one mile from Kadathtauk Village on the road to Kyaikkhami midstreamed pagoda in Thanbyuzayat Township. So, travellers can pay visit to the beach and Kyaikkhami-Setse area.

The ecotourism site was implemented in 2019. Cyclists can take one mile long trip to the beach while enjoying natural beauties and birds. Moreover, travellers can enjoy fishing and relaxation.

So, Yangon-based tour companies announce the pilgrimage tours to Mon State comprising the Kyaukpachi beach. 336

## Dried chilli fetches K14,000 per viss in domestic market

**Yamethin January 5**

Dried chilli harvested in Yamethin Township of Mandalay Region are sold at K14,000 per viss in the domestic market, said Head of Yamethin Township Agriculture Department U Aung Myo Thant.

Local growers cooperated with the department in growing chilli plantations through GAP system. The harvested chilli is dried in a solar dryer and mobile gas dryers for the stocks in a short time to be free from toxic. Then, the dried chillies are distributed to the market, fetching K14,000 per viss.

"Yamethin Township is favourable for cultivation of chilli. So, local growers cultivate chilli every year. This year, dried chilli secures K12,000 to K14,000 per viss in the domestic market," he added.

Local growers rely on dryers to get the dried chilli. One acre of chilli can yield 450 to 500 viss of dried chilli. Currently, these dried chillies are distributed to the domestic market. 185

# Tamu border trade camp handles US$11.412 million worth of trade volume from 1 April to 19 December


Tamu border trade camp.

**Tamu January 5**

Tamu border trade camp in Sagaing Region has so far handled US$11.412 million worth of trade volume from 1 April to 19 December 2022 of the 202-23 fiscal year, said deputy director U Htet Aung Win of the Trade Development Branch of the Myanmar Trade Promotion Organization of the Ministry of Commerce.

During the period, export volume worth US$7.324 million was sent and import volume valued at US$4.088 million were handled between Myanmar and India via Tamu border trade camp.

"The trade camp makes efforts for exporting the products worth US$70 million and importing the goods worth US$5 million, totalling more than US$75 million in 2022-23 fiscal year. Now, the trade camp has handled more than 11 USD million, accounting for 23.676 per cent of the target," said the deputy director.

The trade camp manages export of areca nut, coconut, domestic goods of Tamu Township to India and cigarette and import of fertilizers and hair.

ASH

# More than 700,000 tons of maize shipped to foreign countries from 1 April to 19 December

**Nay Pyi Taw January 5**

Myanmar has sent 787,924 tons of maize to foreign countries through maritime trade route from 1 April to 19 December 2022 of the 2022-23 fiscal year, said central executive of Myanmar Pulses and Beans, Maize and Sesame Merchants Association U Tun Aye.

Myanmar's maize flows into 70 customer countries including the Philippines and Vietnam as well as to Thailand via border lands. But, export period to Thailand is set from 1 March to 31 August.

"Currently, Myanmar primarily sends maize to China, Laos and Thailand through border trade route and Singapore, Malaysia and Vietnam via shipping. Now, maize fetches US$230 to US$240 per ton," he added.

Myanmar yields 2.3 million tons of maize to 2.6 million tons per year. This year, yield of maize declined in the country.

Maize is grown in Shan, Kachin, Kayah and Kayin states, Mandalay, Sagaing and Magway regions. ASH


Maize to be exported.

# Plan underway to complete construction of Mingala market in Yangon in coming April

**Yangon January 5**

The Yangon City Development Committee stated that arrangements are being made to complete construction of new Mingala market in Yangon at the end of April 2023 and some shops will be opened in January.

The Mingala market is located at the corner of Banyadala and Setyon streets in Mingala Taungnyunt Township. It is a wholesale market to distribute medicines, cosmetics, electronic equipment, textile, kitchen utensils, household goods and personal goods to the whole nation.

The market is burnt on 9 January 2016. Now, a new market is under construction on the same place as of September 2019.

The 17-storey new market will be facilitated with more than 5,000 shops, car parks, cinemas and restaurants.

It aims to emerge an international level wholesale centre in Yangon. The market will be installed with 21 lifts, and the car parks will admit more than 700 vehicles.

Upon completion, the fifth floor of the market will accommodate medicines and medical equipment shops, the sixth floor cosmetics, the eight floor fancy materials and textile, the ninth floor and the 10th floor warehouses, 11th floor and 12th floor mini offices and 13th floor cinemas.

The ground floor will be purposed for banks, supermarkets and modern restaurants. Moreover, company offices will be allotted at the market.

Some 4,000 shopkeepers will be settled at the new market. So, arrangements are being made to open some shops in the market this month.

336

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Border trade camps along Myanmar-Thai border region handle US$3.77 billion worth of trade value from 1 April to 23 December

**Nay Pyi Taw January 5**

Border trade camps along Myanmar-Thai border region handle US$3.77 billion worth of trade value from 1 April to 23 December 2022 of the 2022-23 fiscal year, said deputy director Daw Cho Thet Mu of Trade Policy Branch of Trade Department of the Ministry of Commerce.

In this regard, Tachilek border trade camp pocketed US$109.14 million of trade value, Myawady US$1,570 million, Kawthoung US$156.14 million, Myeik US$87 million, Htikhee US$1,840 million and Mawtaung US$8 million, totalling US$3,770 million.

"With regard to border trade process, Myawady and Htikhee camps are handling the large volume of trade from 1 April to 23 December 2022. Now, Tachilek and Htikhee camps see high trade volume. Among all, Htikhee camp handles the largest volume of border trade," she added.

Myanmar opens border trade camps in Myawady, Tachilek, Kawthoung, Myeik, Htikhee, Mawtaung and Meisei camps to tackle border trade with Thailand along the border line.

ASH


Container trucks seen near a border trade camp.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Boeing ကုမ္ပဏီမှ Chinook ရဟတ်ယာဉ် ၁၂ စင်းကို အမေရိကန်ဒေါ်လာ ၄၂၆ သန်းဖြင့် အီဂျစ်နိုင်ငံ ဝယ်ယူခဲ့



အီဂျစ်နိုင်ငံသည် Boeing ကုမ္ပဏီမှ Chinook ရဟတ်ယာဉ် ၁၂ စင်း အမေရိကန်ဒေါ်လာ ၄၂၆ သန်းဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အီဂျစ်နိုင်ငံကို အကြီးစားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်CH-47Fမော်ဒယ်ကို ၂၃ စင်းထိ ဝယ်ယူရန်သဘောတူညီခဲ့ပြီး ခုနစ်လကျော်အကြာတွင် အဆိုပါသဘောတူညီချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံတန် နိုင်ငံခြားစစ်ဘက်ရောင်းချမှုတွင် လမ်းကြောင်းညွှန်ပြခြင်းနှင့် ဒုံးကျည်သတိပေးစနစ်များ၊ စက်သေနတ်များနှင့် ရေဒါသတိပေးစနစ်များပါဝင်ကြောင်း သိရသည်။

Boeing ၏အဆိုအရ Chinook ရဟတ်ယာဉ် ၁၂ စင်းသည် အီဂျစ်နိုင်ငံစစ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး လေတပ်ကို ရည်မှန်းချက်များအောင်မြင်စေရန် ကူညီပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

Boeing ၏ အီဂျစ်လေတပ်နှင့်မိတ်ဖက်ပူးပေါင်းမှုသည်၎င်းတို့၏လေယာဉ်အုပ်ကို ခေတ်မီအဆင့်မီအောင် ဆက်လက်လုပ်ဆောင်နေသောကြောင့် ခိုင်မာကောင်းမွန်နေဆဲဖြစ်သည်ဟု ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Ken Eland က ပြောကြားခဲ့သည်။ အီဂျစ်သည် CH-47F Chinook လေယာဉ် ၂၃ စင်းကို ဝယ်ယူရန်အတည်ပြုခဲ့ပြီး နောက်ထပ် ၁၁ စင်းကိုလည်း ဝယ်ယူသွားမည်ဖြစ်သည်။

Boeing ထုတ် CH-47F Chinook ရဟတ်ယာဉ်သည် ဆိုးရွားသောပတ်ဝန်းကျင်များတွင် တာဝန်ထမ်းဆောင်ရန် အဆင့်မြှင့်တင်ထားသော ဒစ်ဂျစ်တယ်လေယာဉ်မှူးခန်းပါရှိသည့် အဆင့်မြင့်ဘက်စုံသုံး ရဟတ်ယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

၎င်းတွင် လျင်မြန်သောတုံ့ပြန်မှုအတွက် ယေဘုယျအားဖြင့် လေကြောင်းနည်းပညာစနစ်နှင့် အဆင့်မြင့်ကုန်တင်၊ ကုန်ချသယ်ယူပို့ဆောင်ရေးစွမ်းဆောင်ရည်များ ပါဝင်လာသည်။

ရဟတ်ယာဉ်၏အဓိကတာဝန်မှာ တပ်ဖွဲ့ဝင်များနှင့်ဆက်စပ်ပစ္စည်းများကို ပို့ဆောင်ရန်ဖြစ်ပြီး ၎င်းသည်ဆေးဘက်ဆိုင်ရာအကူအညီပေးရန်ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ရေး၊ လေထီးချခြင်းနှင့် လေယာဉ်ပျက်ကျမှုတွင် ပြန်လည်ကယ်ဆယ်ရေးတို့ကို လုပ်ဆောင်နိုင်ကြောင်း သိရသည်။

Chinook ရဟတ်ယာဉ်များတွင် 155mm ဟောင်ဝစ်ဇာအမြောက်စနစ်များနှင့် အခြားစစ်သုံးယာဉ်များကဲ့သို့ သယ်ယူပို့ဆောင်ပေးနိုင်ရန်အတွက် အထောက်အကူစနစ်ချိတ်သုံးချောင်း(Triple-hook) စနစ်ပါရှိသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အဆိုအရ အီဂျစ်နိုင်ငံသည် ၎င်း၏ အကြီးစား သယ်ယူပို့ဆောင်ရေးစွမ်းဆောင်ရည်ကိုမြှင့်တင်နိုင်ရေး ကြိုးပမ်းမှုသည် အမိမြေကာကွယ်ရေးကိုအားကောင်းစေပြီး ဒေသတွင်းခြိမ်းခြောက်မှုများကို ဟန့်တားနိုင်မည်ဖြစ်သည်။

Boeing သည် အီဂျစ်စစ်ဘက်ကာကွယ်ရေးခေတ်မီရေးမစ်ရှင်ကို ပံ့ပိုးပေးပြီး အီဂျစ်နိုင်ငံ၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အကောင်းဆုံးစွမ်းဆောင်ရည်ကိုအာမခံရန်ကတိပြုပါသည်ဟု Boeing ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Vince Logsdon က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**Egypt Buys 12 Chinook Helicopters From Boeing in $426M Deal ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက ကုန်တင်သင်္ဘောကို ဒရုန်း၊ ရဟတ်ယာဉ်တင်သင်္ဘောအဖြစ် ပြောင်းလဲတည်ဆောက်နေ

ပါရှန်ပင်လယ်ကွေ့ ဝင်ပေါက်အနီးရှိ သင်္ဘောကျင်းတွင် အီရန်၏လျှို့ဝှက်ရေတပ်တပ်ဖွဲ့သည် ယခင်က စီးပွားဖြစ်သုံး ကုန်တင်သင်္ဘောကို ဒရုန်း၊ ရဟတ်ယာဉ်တင်သင်္ဘောအဖြစ်သို့ ပြောင်းလဲတည်ဆောက်နေကြောင်း USNI News ၏ မိတ်ဖက် H I Sutton ရေတပ်သတင်းဝက်ဘ်ဆိုက်က ပြီးခဲ့သည့်တစ်ပတ်က ထုတ်ပြန်ခဲ့သည့် ဂြိုဟ်တုနှင့် ဓာတ်ပုံများအရ သိရသည်။

အီရန်တော်လှန်ရေးအစောင့်တပ်၏ ရေတပ်သင်္ဘော Shahid Mahdavi သည် ယခင် အီရန်အလံတင် ကုန်တင်သင်္ဘောဖြစ်ပြီး ရဟတ်ယာဉ်များနှင့် မောင်းသူမဲ့ဒရုန်းများကိုတင်ဆောင်နိုင်သည့် ဒရုန်း၊ ရဟတ်ယာဉ်တင်သင်္ဘောအဖြစ် ဟော်မုဇ်ရေလက်ကြားအနီး Bandar Abbas ဆိပ်ကမ်းမြို့ရှိ အီရန်နိုင်ငံ Iran Shipbuilding & Offshore Industries Complex Co (ISOICO)တွင် ပြောင်းလဲတည်ဆောက်နေကြောင်း Sutton ၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ရိုက်ကူးထားခဲ့သောဓာတ်ပုံများကို ဇန်နဝါရီ ၂ ရက် ထုတ်ပြန်ချက်များအရ သိရှိရခြင်းဖြစ်သည်။

Shahid Mahdavi သင်္ဘောကို ကုန်တင်သင်္ဘောမှ စစ်သင်္ဘောအဖြစ်သို့ ပြောင်းလဲခြင်းလုပ်ဆောင်နေခဲ့ပြီး အနည်းဆုံးမေလကတည်းက ကုန်းတွင်းသင်္ဘောကျင်းတွင်ရှိနေခဲ့ကြောင်း The Maritime Executive က ရေးသားဖော်ပြခဲ့သည်။

ဓာတ်ပုံအသစ်များတွင် လေယာဉ်ပျံတက်၊ လွှတ်တင်ရန် သင်္ဘောမျက်နှာပြင်တပ်ဆင်ခြင်းမပြုမီ ကုန်တင်သည့်ကုန်းပတ်ဖယ်ရှားထားသည်ကို ပြသထားသည်။

ပြောင်းလဲခြင်းတွင် ဆိပ်ကမ်းဘက်ခြမ်း၌ ကြီးမားသော Cantilever လေယာဉ်ကုန်းပတ်ကို ပေါင်းထည့်ထားသည်။ လောလောဆယ်တွင် Overhang တစ်ခုကို Starboard သင်္ဘော၏ ညာဘက်ခြမ်း၌ ထပ်ပေါင်းထည့်ထားခြင်း ရှိ၊ မရှိ မသိရှိရသေးကြောင်း Sutton က ရေးသားခဲ့သည်။

"သင်္ဘောရဲ့ Superstructure က ကနဦးကုန်းပတ်ကို လွှမ်းခြုံထားတာကြောင့် သမားရိုးကျ လေယာဉ်တင်သင်္ဘောပုံစံမဖြစ်နိုင်ဘူးလို့ ဆိုလိုတာပါ။ ထည့်သွင်းတည်ဆောက်ထားတဲ့ လေယာဉ်ကုန်းပတ်ပေါ်မှာရှိတဲ့ ထောင့်ချိုးတွေကလဲ ပုံမှန်မဟုတ်ပါဘူး"ဟု Sutton က ရေးသားထားသည်။ Shahid Mahdavi တွင် ထောင့်ချိုးလေယာဉ်ကုန်းပတ်တစ်ခု ထည့်သွင်းတည်ဆောက်နေမှုကို လူမှုကွန်ရက် ဓာတ်ပုံများတွင် တွေ့မြင်ခဲ့ကြရသည်။

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်း၌ ကုန်တင်သင်္ဘောတိုက်ခိုက်မှုအများအပြားတွင်အသုံးပြုခဲ့သည့် Shahed ၁၃၆ ပေါက်ကွဲစေတတ်သော ဒရုန်းများအပါအဝင် တိုက်ခိုက်ရေးဒရုန်းအမျိုးမျိုးကို တီထွင်ထုတ်လုပ်ခဲ့သည်။ အဆိုပါဓာတ်ပုံများသည် အီရန်ပြည်တွင်းသတင်းမီဒီယာများတွင် ရေးသားဖော်ပြနေကြသောအချက်အလက်များနှင့် ကိုက်ညီနေသည်ဟု ဒီမိုကရေစီကာကွယ်ရေး ဖောင်ဒေးရှင်းမှ အီရန်အရေးကျွမ်းကျင်သူ Behnam Ben Taleblu က USNI News သို့ ဇန်နဝါရီ ၃ ရက်က ပြောကြားခဲ့သည်။




"တိုင်းပြည်ရဲ့ တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်ကို မြှင့်တင်နိုင်ဖို့ ဒရုန်းတွေကိုထုတ်လုပ်တပ်ဖြန့်ချထားမှုတွေအကြောင်း အီရန်မီဒီယာက မကြာခဏထုတ်ဖော်ပြောကြားနေတာပါ"ဟု ၎င်းက USNI News သို့ ပြောကြားခဲ့သည်။ အီရန်သည် ၎င်း၏ တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် ကုန်တင်သင်္ဘောများနှင့် ရေနံတင်သင်္ဘောများကို မည်သို့အသုံးပြုမည်ကို ကမ္ဘာက ကြည့်ရှုသင့်သည်ဟု ၎င်းက ဆိုသည်။ အီရန်ရေတပ်နှင့် IRGCN တို့သည် နိုင်ငံတကာပိတ်ဆို့အရေးယူမှုများကြောင့် အီရန်နိုင်ငံသားများ စီးပွားဖြစ်အသုံးမပြုနိုင်သော ကုန်တင်သင်္ဘောများကို ယခုကဲ့သို့ ရဟတ်ယာဉ်တင်သင်္ဘောအငယ်စားအဖြစ်သို့ ပြောင်းလဲရန်ကြိုးပမ်းလုပ်ဆောင်လာခဲ့ခြင်းလည်းဖြစ်သည်။

အသွင်ပြောင်း ကုန်တင်သင်္ဘောများတွင် လူသိအများဆုံးမှာ IRINS Makran ဖြစ်ပြီး ယခင် ရေနံ၊ ဓာတုသင်္ဘောသယ်ယူပို့ဆောင်ရေးသင်္ဘောကို အီရန်က စစ်သင်္ဘောအဖြစ်သို့ ပြောင်းလဲခဲ့သည်။ ပြီးခဲ့သည့်နှစ်က Makran နှင့် အီရန်ရေတပ်ဖရီးဂိတ်သင်္ဘော IRINS Sahand တို့သည် ဘောလ်တစ်ပင်လယ်မြောက်ဘက်အစွန်ဆုံးသို့ လေးလကြာ ခရီးထွက်ခဲ့ပြီး ရုရှားရေတပ်၏ စစ်ရေယာဉ်စုပြန်လည်သုံးသပ်မှုလေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ Shahid Mahdavi ရဟတ်ယာဉ်တင်၊ မောင်းသူမဲ့ဒရုန်းတင်သင်္ဘောကို ယခုနှစ်အစောပိုင်းတွင် စတင်ရေချနိုင်ဖွယ်ရှိနေသည်ဟု Sutton က ရေးသားခဲ့သည်။

**Iran Building Drone Aircraft Carrier from Converted Merchant Ship, Photos Show ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပွင့်ဖြူမြို့နယ်တွင် ပဲတီစိမ်း ၄၆၂ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၄ ရက်ထိ ပဲတီစိမ်း ၄၆၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ပဲတီစိမ်းစိုက်ပျိုးရေးကို တစ်မြို့နယ်လုံး ၄၁၈ ဧက လျာထား စိုက်ပျိုးဆောင်ရွက်ခဲ့တာ ၄၆၂ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ ဆောင်းပဲတီစိမ်း စိုက်ပျိုးတာကိုတော့ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်ကစပြီး စိုက်ပျိုးခဲ့တာပါ။ ဆောင်းသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေတိုးတက်ကောင်းမွန်ဖို့ ဒေသခံတောင်သူတွေကို စိုက်ပျိုးလယ်မြေတွေထိ အရောက်ကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် ပဲတီစိမ်း၊ ပဲလွမ်း၊ ပဲကြီး၊ ပဲကျား၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲယဉ်း၊ ထောပတ်ပဲ၊ ပဲပုပ် စသည့်ပဲမျိုးစုံ သီးနှံများကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ တစ်မြို့နယ်လုံး ပဲမျိုးစုံသီးနှံ ၃၉၇၁၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နမ့်ခမ်းမြို့နယ် ပန်းခါးလမ်းခွဲ-လွယ်မွန်းလမ်းတွင် သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**နမ့်ခမ်း ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် ကျေးလက်လမ်းတံတားများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပန်းခါးလမ်းခွဲ-လွယ်မွန်းလမ်းတွင် သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက ပန်းခါးလမ်းခွဲ-လွယ်မွန်းလမ်းတွင် သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဦးသိန်းထွန်းဦးက လုပ်ငန်းများကို သတ်မှတ်စံချိန် စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



နမ့်ခမ်းမြို့နယ် ပန်းခါးလမ်းခွဲ-လွယ်မွန်းလမ်းတွင် အရှည် ပေ ၄၀၊ အကျယ် ပေ ၂၀၊ အမြင့် ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၉ ဒသမ ၄ သန်းဖြင့် နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် အောက်တိုဘာလပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်ဒေသထွက် ကုန်ပစ္စည်းများကို မြို့ပေါ်ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း နမ့်ခမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးသိန်းထွန်းဦးထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မြစ်ကြီးနားမြို့၌ ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ် မြေပုံရေးဆွဲနည်းသင်တန်းဖွင့်

**မြစ်ကြီးနား ဇန်နဝါရီ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်(GIS) မြေပုံရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်(GIS) မြေပုံရေးဆွဲနည်းသင်ခန်းစာများကို စနစ်တကျလေ့လာသင်ယူကြစေလိုကြောင်း၊ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင်လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်ထောက်ကူစာအုပ်များကို သင်တန်းသူ၊ သင်တန်းသားများထံ ပေးအပ်သည်။

အဆိုပါ GIS သင်တန်းသို့ မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်(GIS) မြေပုံရေးဆွဲနည်းသင်ခန်းစာများကို ကျွမ်းကျင်ဆရာများက ဇန်နဝါရီ ၄ ရက်မှ ဇန်နဝါရီ ၂၃ ရက်ထိ ရက် ၂၀ ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။



## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၅-၁-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၅၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၈၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဧည်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွဲဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. MongkolVisitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့်နီပေါနိုင်ငံ နှစ်နိုင်ငံ ဗုဒ္ဓတက္ကသိုလ်များအကြား ဗုဒ္ဓဘာသာဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံရာ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်နီပေါနိုင်ငံ နှစ်နိုင်ငံ ဗုဒ္ဓတက္ကသိုလ်များအကြား ဗုဒ္ဓဘာသာဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ လုမ္ဗိနီ-ဗုဒ္ဓဂယာ ဘုရားဖူးစေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးဆိုင်ရာ အနုပညာဖျော်ဖြေရေးအဖွဲ့များအပြန်အလှန်စေလွှတ်ရေးနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire နှင့် တွေ့ဆုံဆွေးနွေးစဉ်။



# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်တောင်သူများကို သွင်းအားစုများထောက်ပံ့ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ဇီးကုန်းမြို့နယ်နှင့် သဲယာဝတီမြို့နယ်တို့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းက ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး ဦးစီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပဲတီစိမ်းစိုက်တောင်သူများ တက်ရောက်ကြသည်။




ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံတော်ကအလေးထားဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများအောင်မြင်ရေးအတွက် မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးအတွက် လာမည့်ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် သက်တံရောင်သမဝါယမ စီမံကိန်းလုပ်ငန်းများအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဇီးအုပ် တောင်သူနည်းပညာဖြန့်ပွားရေးခန်းမသို့ရောက်ရှိပြီး ပဲတီစိမ်းစိုက်တောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် ၁ ဒသမ ၂ သိန်းနှုန်းနှင့်ညီမျှသော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ တောင်သူလယ်သမားများ၏ ပန်းတိုင်အထွက်နှုန်းတိုးရေးနှင့်လူမှုစီးပွားဘဝမြင့်မားပြီး ကြွေးမြီကင်းရှင်းသော မိသားစုဘဝများပိုင်ဆိုင်စေလို၍ဖြစ်ကြောင်း၊ လာမည့် နွေစပါးစိုက်ရာသီတွင် ၁၂၆၄၅ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး အားသွန်ခွန်စိုက်ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှဝယ်ယူတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများဖြစ်သော ပဲတီစိမ်းနှင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် လုပ်ငန်းအစုအဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်မြို့နယ်အတွင်း ပဲတီစိမ်းစိုက်ဧရိယာ ၇၂၁ ဧကအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ကြပြီး ပဲတီစိမ်းစိုက်တောင်သူများကိုယ်စား ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇီးကုန်းမြို့ မြို့နယ်ခန်းမတွင် ပဲတီစိမ်းစိုက်တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဇီးကုန်းမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ဧရိယာ ၇၀၀၉ ဧကအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ရာ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ဇီးကုန်းမြို့နယ်အနေဖြင့် နွေစပါး ၄၉၈၃ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဲယာဝတီမြို့နယ် ဆရာစံခန်းမတွင် ပဲတီစိမ်းစိုက်တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြားပြီး သဲယာဝတီမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ဧရိယာ ၁၇၂ ဧကအတွက် စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ကြသည်။ သဲယာဝတီမြို့နယ်အနေဖြင့် နွေစပါး ၂၇၀၈၆ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စချိုဆွန်းဟွာထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်ကျန်းမာရွှင်လန်းစွာဖြင့် လုပ်ငန်းဆောင်တာများ ပိုမို အောင်မြင်စေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖိုင်ဇယ်ဘင်ဖာဟန်အယ်လ်ဆာအုဒ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် မြန်မာပြည်သူများပိုမိုတိုးတက် သာယာဝပြောပါစေကြောင်း နွေးထွေးလှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကျဉ်းထောင်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကျဉ်းထောင်များ၌ တီဘီရောဂါ ရှာဖွေကုသရေးလုပ်ငန်းများ၊ ခုခံကျ၊ ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ အသည်းရောင်အသားဝါဘီ၊ စီရောဂါပိုး ရှာဖွေကုသရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနနှင့်ပူးပေါင်း၍ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းထောင်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းထောင်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော အကျဉ်းဦးစီးဌာန အကျဉ်းထောင်များနှင့်အကျဉ်းစခန်းများတွင် တာဝန်ရှိသူများနှင့်အကျဉ်းကျသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် ကူးစက်မြန်ရောဂါများ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရမည့် အချက်များနှင့်အညီ အကျဉ်းထောင်များနှင့် ရဲအချုပ်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်း၊ ကုသရေးလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း တို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အကျဉ်းထောင်များတွင် မကူးစက်နိုင်သော ရောဂါများ(ဥပမာ- သွေးတိုး၊ ဆီးချို)ကို ကုသပေးနိုင်ရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများမပြတ်လပ်အောင် စီစဉ်ထားရှိပေးရန် လိုအပ်ကြောင်း၊ အကျဉ်းထောင်အတွင်းတွင် တီဘီရောဂါလူနာများကို ပိုမိုကျယ်ပြန့်စွာကုသစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တီဘီလူနာဆောင် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး အလားတူ အခြားအကျဉ်းထောင်များတွင်လည်း ထောင်အဝင်တွင် TB/HIV ရောဂါရှာဖွေကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အကျဉ်းထောင်များနှင့်အလုပ်စခန်းများသို့ Mobile Team များဖြင့်သွားရောက်၍ တီဘီလူနာရှာဖွေခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်သည် အကျဉ်းဦးစီးဌာနနှင့်ပူးပေါင်း၍ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း HIV ပိုးရှိသူများအတွက် ဆေးကုသမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထောင်အဝင် ကျန်းမာရေးစစ်ဆေးခြင်း၌ HIV ပိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊ တီဘီရောဂါစစ်ဆေးခြင်းအပြင် အသည်းရောင်အသားဝါစီပိုးစစ်ဆေးခြင်း၊ ကုသပေးခြင်းလုပ်ငန်းများကိုပါ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ အကျဉ်းထောင်များ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် အကျဉ်းထောင်များ၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုလုပ်ငန်းများ၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ကပ်ရောဂါများကာကွယ်တားဆီးရေးလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ဆေးရုံများတွင်လည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။

အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနနှင့်ပူးပေါင်း၍ အကျဉ်းသားများအားလုံး ပိုမိုကောင်းမွန်သည့်ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲနှင့် ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက အကျဉ်းထောင်များအတွင်း တီဘီရောဂါရှာဖွေကုသရေးလုပ်ငန်းများ၊ ခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ အသည်းရောင်အသားဝါစီရောဂါပိုး ရှာဖွေကုသရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က အကျဉ်းထောင်ကျန်းမာရေးစောင့်မှုလုပ်ငန်းများကိုလည်းကောင်းတင်ပြကြရာ တက်ရောက်လာသူများက ဆွေးနွေးခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၅**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၅ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဒေသခံပြည်သူ ၁၄၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ထုတ်လွှင့်ဖော်ပြအသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူ ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၅**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက မန္တလေး အောင်မြေသာစံ မြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ အမျိုးသမီးဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်မှုအပြီးတွင် ပြင်ဦးလွင်ခရိုင်အသင်းက မိတ္ထီလာခရိုင်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသားဗိုလ်လုပွဲစဉ်တွင် မိတ္ထီလာခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိတ္ထီလာခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ပြင်ဦးလွင်ခရိုင်အသင်း၊ ဒုတိယဆုရ မိတ္ထီလာခရိုင်အသင်းနှင့် ပွဲစဉ်တစ်လျှောက် နေရာအလိုက်အကောင်းဆုံးဆုရရှိကြသူများ၊ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မိတ္ထီလာခရိုင်အသင်း၊ ဒုတိယဆုရ ရမည်းသင်းခရိုင်အသင်းနှင့် နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများကို တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ဦးသိန်ဌေး၊ ဦးမျိုးအောင်၊ ဦးယဉ်ထွေး၊ ရဲမှူးချုပ်စိန်လွင်၊ အတွင်းရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုလက်မှတ်များကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မိတ္ထီလာခရိုင်အသင်းနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ပြင်ဦးလွင်ခရိုင်အသင်းတို့ကို တံခွန်စိုက်ဖလားဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရအသင်းများနှင့်အတူ စုပေါင်း၍ သမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အားကစား ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**




# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၂၆)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - (က) "မူးယစ်ဆေးရန် တို့တွန်းလှန် ကြိုးစားတိုက်ဖျက်နိုင်ငံအတွက်"
  - (ခ) "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ"
  - (ဂ) "ငါတို့ရဲ့အနာဂတ် သာယာလှပဖို့ မူးယစ်ကင်းစင်ကမ္ဘာ ဖန်တီးစို့"
  - (ဃ) "မျိုးဆက်သစ်များ တိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့"
  - (င) "လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ"
  - (စ) "မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့"
    **(Photo Essay ယှဉ်ပြိုင်ရန်အတွက်သာ)**
  - (ဆ) "လူသားချင်းစာနာ ကျန်းမာဖို့ စိန်ခေါ်မူးယစ် တိုက်ဖျက်စို့"
    Addressing drug challenges in health and humanitarian crises.

(၂) ဝတ္ထုတိုနှင့် ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

(၃) ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀) အတွင်း ရှိရမည်။

(၄) တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်၍ ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းတစ်စောင်ကို ဂီတသင်္ကေတမူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၅) ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 10" × 14" အရွယ် အနည်းဆုံး သုံးပုံမှ အများဆုံး ငါးပုံထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပြိုင်ပွဲဝင်ပုံများ၏ Original Files များနှင့် 10" × 14" ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံများသာဖြစ်ရပါမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများကို ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်း မပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။ ကျောဘက် သို့မဟုတ် ပိုစတာဒီဇိုင်း၏ ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကိုအလျားလိုက် (Landscape) ရေးဆွဲပေးပို့ရပါမည်။

(၇) ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ သုံးဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူတန်းအဆင့် (Grade 2- Grade 5)၊ အလယ်တန်းအဆင့် (Grade 6- Grade 9) နှင့် အထက်တန်းအဆင့် (Grade 10- Grade 11) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလိုပါ။ 15" × 20" အရွယ် ရေးဆွဲရမည်။ ခဲတံ သို့မဟုတ် ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန် နှစ်နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (Grade 6-Grade 9) နှင့် အထက်တန်းအဆင့် (Grade 10- Grade 11) ဖြစ်ပါသည်။ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသော ပုံဖြစ်ရမည်။ အသင့်အရေးဆွဲထားသောပုံ မပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် သုံးနာရီသတ်မှတ်သည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် 10" × 14" လက်မအရွယ် Photo Essay အနည်းဆုံး သုံးပုံမှ အများဆုံး ငါးပုံထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။ Photo Essay ကို **"မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့"** ခေါင်းစဉ်ဖြင့် သီးသန့်ယှဉ်ပြိုင်ရမည်။

(၁၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲများအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့် ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁-၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တေးသီချင်း | ၂၀-၃-၂၀၂၃ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၂၀-၃-၂၀၂၃ |
| (ဂ) | ကွန်ပျူတာပိုစတာ | ၂၈-၃-၂၀၂၃ |
| (ဃ) | ဓာတ်ပုံ | ၇-၄-၂၀၂၃ |
| (င) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၂၀-၄-၂၀၂၃ |
| (စ) | ကွန်ပျူတာပန်းချီ | ၂၆-၄-၂၀၂၃ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု သုံးဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်း ပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၅**

တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရေးရာဝန်ကြီးများအနေဖြင့် မိမိတို့၏အဓိကလုပ်ငန်းတာဝန်များအပြင် မြန်မာ့ပထဝီနိုင်ငံရေးနှင့် ကမ္ဘာ့ပထဝီနိုင်ငံရေးအကြောင်းတို့ကို ဆက်စပ်လေ့လာသိရှိထားရန် အရေးကြီးပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိရေးနှင့် ငြိမ်းချမ်းရေးအတွက် မိမိတို့ဝန်ကြီးဌာနတွင်လည်း တာဝန်ရှိပါကြောင်း၊ တိုင်းရင်းသား စာပေသင်ကြားရေးကိစ္စ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ မအားလပ်သည့်ကြားမှ မျက်မှောက်ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို ဆွေးနွေးရန် တက်ရောက်ပေးပါသော အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်အား ကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က International Affairs Update News ခေါင်းစဉ်ဖြင့် မျက်မှောက်ကမ္ဘာ့နိုင်ငံရေးအခြေအနေများကိုလည်းကောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသော စကားနှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများက မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ဖြေကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ကြစေလိုပါကြောင်း၊ "ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ ရှေ့သို့လုပ်ဆောင်ကြစို့" "Keep Moving Forward to Achieve Our Goal" ဆိုသည့်အတိုင်း အလုပ်ကို ရှေ့တိုးလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်းဖြင့် နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်တည်ဆောက်ရေးဆပ်ကော်မတီတို့ကို ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်တည်ဆောက်ရေး ဆပ်ကော်မတီများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်တပေါင်းကွင်းအတွင်းရှိ ပြခန်းများ ကွပ်ကဲရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော် ကိုယ်စားပြု ဂုဏ်ပြုယာဉ်တည်ဆောက်ရေး ဆပ်ကော်မတီကို ဂုဏ်ပြုယာဉ် အထူးဆုတံဆိပ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေး ဆပ်ကော်မတီနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီကို ဂုဏ်ပြုဆုတံဆိပ်၊ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေး ဆပ်ကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်တည်ဆောက်ရေး ဆပ်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀၊ အထိမ်းအမှတ်ပြခန်းများ ဆောက်လုပ်ရေး ဆပ်ကော်မတီနှင့် နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုယာဉ်တည်ဆောက်ရေး ဆပ်ကော်မတီကို ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်းတို့ကို ချီးမြှင့်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် နေပြည်တော်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းတို့က လက်ခံရယူကြသည်။

ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်း ချီးမြှင့်ရာ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော်ကလည်းကောင်း၊ နေပြည်တော်ကိုယ်စားပြု ဂုဏ်ပြုပြခန်းများအုပ်ချုပ်မှုနှင့် ပြခန်း၊ ဂုဏ်ပြုယာဉ်များ နေရာစီစဉ်ချထားရေး ဆပ်ကော်မတီကို ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် နေပြည်တော်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်းတို့ကလည်းကောင်း၊ နေပြည်တော်အထိမ်းအမှတ်ပြခန်းနှင့် ရိုးရာအစားအစာပြခန်းများ စီစဉ်ဆောင်ရွက်ရေး ဆပ်ကော်မတီကို ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်



ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့်နေပြည်တော် စက်မှုကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟိန်းဇော်တို့ကလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့ကလည်းကောင်း၊ လုံခြုံရေးဆပ်ကော်မတီကို ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ လုံခြုံရေးဆပ်ကော်မတီမှ တာဝန်ရှိသူများကလည်းကောင်း၊ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်ကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ ရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

0w Kw d @

# ဆပ်လို့မကုန်တဲ့ ချစ်ခြင်းမေတ္တာ

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)




(၁)

"သားအောင်အောင် မင်း ညက ဘယ်အချိန် ပြန်ရောက်လဲ။ ကြီးညိုစောင့်နေတာ ၁၁ နာရီထိကွယ်။ ဘယ်တွေသွားနေတာလဲ ပြောစမ်းပါအုံး"

ညက ညည့်နက်မှ ပြန်ရောက်၍ အိပ်ရာထတော့ နံနက် ၁၀ နာရီထိုးနေပြီ။ အဖေနှင့် အမေပင် အလုပ်သွားပြီဖြစ်သည်။ အလုပ်ဆို၍ အဖေက ကားပွဲစားဖြစ်သည်။ အမေက အထည်ဟောင်းရောင်းဝယ်သည်။ ဈေးထဲတွင် တစ်ခါတလေ သူများခိုးထည်များလာရောင်းသောအခါ ပေါပေါရသည်ဆိုပြီး ဝယ်လိုက်ရာ သူခိုးလက်ခံမှုနှင့် ထောင်ကျမလိုဖြစ်ခဲ့သည်။ အမေ ဘာမှမဖြစ်ပေ။ အဖေကလည်း ကားပွဲစားဆိုသည့်အတိုင်း စရိုက်ပေါင်းစုံ၊ လိုင်းပေါင်းစုံ၊ ကားဝယ်ရောင်း။ တစ်ခါတလေ အမြတ်အများကြီးရသည်။ တစ်ခါတလေ ရှုံးသည်မှာလည်း ခွက်ခွက်လန်။ အရောင်းအဝယ်သမားဆိုတော့လည်း ထုံးစံအတိုင်းဖြစ်သည်။ နောက်တစ်ခုလုပ်သည်က လောင်းကစား။ ဘယ်နားဖဲဝိုင်းရှိသည်၊ ဂျင်ဝိုင်းရှိသည်ဆိုလျှင် သူတို့အနားရောက်ပြီးသားဖြစ်သည်။ ရပ်ကွက်ထဲနာရေးအိမ်ရှိပြီဆို လင်မယားနှစ်ယောက် ညလုံးပေါက်ဖဲရိုက်ကြသည်။ ဝါသနာတူ၊ စရိုက်တူ၊ အသွင်တူလို့ အိမ်သူဖြစ်တယ်ဆိုတာ အဖေနှင့်အမေကို ပြောခြင်းဖြစ်သည်။ သူတို့ညီအစ်ကိုနှစ်ယောက်ကိုလည်း အမေ၏အဒေါ်ကြီး ကြီးညိုလက်ထဲအပ်ထားသည်။ အိမ်စားစရိတ်ကို လုံလောက်အောင်ပေးသည်။ ဘာမှလစ်ဟင်းမှုမရှိခဲ့ပေ။ ကျောင်း၊ အခြားဝေယျာဝစ္စကအစ ကြီးညိုပင် တာဝန်ယူရသည်။ ကျောင်းမှ မိဘခေါ်လျှင်လည်း ကြီးညိုပင်လိုက်သည်။ အစည်းအဝေးဆိုလည်း ကြီးညို။ ဘာဖြစ်ဖြစ် အစစအရာရာအားလုံး ကြီးညိုပင် တာဝန်ယူရ၍ အဖေ၊ အမေနှင့် သားသမီးသိပ်ပြီးသံယောဇဉ်မရှိပေ။ ကြီးညိုကပင် အဖေ၊ အမေ ကိုယ်စားအားကိုးရခြင်းဖြစ်သည်။ ယခု သူ တက္ကသိုလ်နောက်ဆုံးနှစ်ရောက်နေပြီဖြစ်ပြီး ညီလေးက ယခုမှ ဆယ်တန်းဖြစ်သည်။ ဘော်ဒါဆောင်ပို့ထား၍ တစ်လကို တစ်ကြိမ်၊ နှစ်ကြိမ်သာ လိုအပ်သည်များသွားပို့ပေးရသည်။ ကြီးညိုကိုတော့ သူအတော်ချစ်သလို ချစ်ကြောက်ရှိသေသည်။

(၂)

"ဟိုလေ ကြီးညို သားပြောထားတယ်လေ။ အိမ်ပြန်နောက်ကျမယ်လို့။ ဒီနေ့ကျောင်းပိတ်ရက်မို့ သူငယ်ချင်းအဆောင်သွားလည်ရင်း နောက်ကျတာပါ။ နောက်ပြီး သူ့ရဲ့မွေးနေ့ပွဲလေးပြီးတဲ့ထိ နေပေးရလို့ သား တစ်နာရီမှ ပြန်ရောက်တာ ကြီးညို ဟဲ ဟဲ"

ခေါင်းကုတ်ရင်း ပြောနေသည့်သူ့ကိုကြည့်ပြီး ကြီးညိုမျက်စောင်းလေးနှင့်တုံ့ပြန်ရင်း-

"ဟွန်း ကောင်လေးသတိထားနော်။ အပေါင်းအသင်းစုံရင် လိုင်းကစုံမှာ ခွဲခြားပြီး ပေါင်းရမယ် မပြောဘူး။ လူတိုင်းက သူ့စရိုက်နဲ့သူမို့ အလိုက်တသိပေါင်းတတ်ဖို့လိုတာ။ အပေါင်းအသင်းကြောင့် ဂုဏ်ငယ်ရသလို အပေါင်းအသင်းကြောင့် ဂုဏ်တက်တယ်ဆိုတာလဲ သဘာဝပဲလေ"

ကြီးညိုစကားကို ခေါင်းညိတ်ကာ နားထောင်မိသည်။

"ပတ်ဝန်းကျင်ဆိုတာ ကောင်းနေတဲ့လူပဲမြင်တာ သူတစ်ခုခုအမှားလုပ်ပြီဆိုတာနဲ့ တစ်သက်လုံးမကောင်းတော့ဘူး။ ဒါကြောင့် မဖြစ်ခင်ကြိုတင်စဉ်းစားရမယ်။ ကြိုတင်ကာကွယ်တတ်ရမယ်။ သားအပေါင်းအသင်းတွေက ပညာတတ်တွေပဲလေ။ အားလုံးက အမှားအမှန်ခွဲခြားတတ်မှာပဲ။ ပညာတတ် လူမိုက်တွေ မဟုတ်တာတော့ ကြီးညို သိပါတယ်ကွယ်"

ကြီးညို သူ့ခေါင်းလေးကိုင်ပြီး ပြုံး၍ပြောသည်။ ကျောင်းဆရာမပင်စင်စားမို့ ကြီးညိုက သူတို့ညီအစ်ကိုနှစ်ယောက်ကို ဘယ်တော့မှ အော်ငေါက်မဆုံးမ။ ငယ်ငယ်ကတည်းက စည်းကမ်းတကျပုံသွင်းခဲ့၍ ယခုတော့ သူတို့ညီအစ်ကိုနှစ်ယောက်လူလိမ္မာ၊ ပညာတတ်ကလေးများဖြစ်ခဲ့သည်။

(၃)

သူစားဖို့ တစ်ခုခုပြင်ပေးနေရင်း ပြောလိုက်သော ကြီးညို၏စကားကြောင့် အံ့ဩသွားမိသည်။

"မင်း အဖေနဲ့ အမေကို မုန်းလားသား"

"ဗျာ မမုန်းပါဘူး ကြီးညို။ ဒါပေမဲ့ သားစိတ်ထဲ အဖေနဲ့ အမေက သားတို့ကို မချစ်သလိုပဲ"

သူ့စကားကြောင့် ကြီးညိုပြုံးနေသည်ကို တွေ့ရသည်။

"ဟင်း ဟင်း ချစ်တာပေါ့ကွယ်။ ချစ်လို့ မင်းတို့ညီအစ်ကိုနှစ်ယောက်ဘဝမှာ ဘာတွေမျက်နှာငယ်စရာရှိလို့လဲ။ အကုန်လုံးဖြည့်ဆည်းပေးခဲ့တယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ မိသားစုထမင်းဆုံစားတာ၊ ခရီးသွားတာ ဘာများရှိလို့လဲ။ မနက်ဆို အစောသွားကြ၊ ညဆို သားတို့ အိပ်မှ ပြန်လာတာ။ အခု သားအသက်နှစ်ဆယ်တောင် ရှိပါပြီကြီးညိုရာ"

"အင်းပေါ့လေ သားခံစားချက်ကိုလဲ ကြီးညို နားလည်တယ်။ သားအဖေနဲ့အမေကလေ ငယ်ငယ်ရွယ်ရွယ်နဲ့ မစူးစမ်းမဆင်ခြင်တတ်တဲ့အရွယ်၊ မသိနားမလည်တဲ့အချိန်၊ ပညာမစုံဘဲ အိမ်ထောင်ကျခဲ့ကြတာလေ"

ကြီးညိုစကားပြောနေရင်း ကျလုဆဲဆဲမျက်ရည်များကို အချိန်မီထိန်းလိုက်ပုံပေါက်သည်။ သက်ပြင်းရှည်ကြီးချရင်း-

"ဆယ်တန်းအရွယ်ဆို သားစဉ်းစားကြည့်ပေါ့ကွာ။ ဒါတောင် အိမ်ထောင်ရေးကို တည်မြဲအောင်လုပ်ကြတယ်။ သူတို့အလုပ်က သူတို့နဲ့စရိုက်တူကိုပေါင်းမှ အလုပ်ဖြစ်တာလေ။ အလုပ်သဘောအရ မုသားမကင်းသလို ငါးပါးသီလလဲ လုံမှာမဟုတ်ဖူး။ ဒါပေမဲ့ ရှင်သန်ရပ်တည်မှုက အဲဒီဘက်မှာ အားသာနေပြီလေ။ မကြိုက်ပေမဲ့ လူ့အလိုက် အကြိုက်လုပ်ပေးရတာ များတယ်သား"

ကြီးညို၏စကားကိုကြားပြီး သူဝမ်းနည်းမိသလို ကြီးညိုမျက်ရည်များနှင့်ပြောနေတော့ သူပါ မျက်ရည်ဝဲလာတော့သည်။

"ဒါကြောင့် သားတို့ညီအစ်ကိုနှစ်ယောက်ကို သူတို့လိုဖြစ်မှာ တအားကြောက်တာ။ သူတို့က ဒါကြောင့် သားတို့ကို ငယ်ငယ်ကတည်းက ကြီးကြပ်ဆုံးမဖို့ ကြီးညိုဆီ အပ်ထားတာပေါ့ကွယ်"

"ဒါပေမဲ့ ကြီးညိုရာ အဖေနဲ့အမေက သားသူငယ်ချင်းမိဘတွေနဲ့ တခြားစီပဲဗျာ"

"ဘယ်တူမလဲသားရယ်။ မင်းတို့ကသာ မကြည့်ဘူး ပြောတာပါ။ သူတို့အိမ်ပြန်ရောက်ရင် အရင်ဆုံးမေးတာ မင်းတို့ညီအစ်ကိုနှစ်ယောက်ကိုပါ။ မနက်အိပ်ရာထလဲ တစ်ခါဝင်ကြည့်တယ်။ ညအိပ်ခါနီးလဲ တစ်ခါဝင်ကြည့်တယ်။ နေတိုင်းပါကွယ် ကြီးညို မင်းတို့ကို ချစ်တယ်ဆိုတာ မင်းတို့အဖေနဲ့ အမေကို ဘယ်မီမလဲကွာ"

"ဟင့် ဟင့်"

ကြီးညိုမျက်ရည်စများသုတ်ပြီးပြောတော့ သူလည်း ငိုမိသည်။ အဖေနှင့်အမေအပေါ် အထင်လွဲမိသည့်အတွက်လည်း နောင်တရမိသည်။

"မင်းတို့အဖေနဲ့အမေကလေ မင်းတို့ရဲ့အခြေအနေရလဒ်တွေကို ကြီးညိုကို အမြဲမေးတာ။ ကြီးညိုပြောပြတိုင်း ငိုကြတာ၊ ပျော်ကြတာဆိုတာ မင်းတို့ကို မြင်စေချင်တယ်။ ဒီမယ်သား ကိုယ်တိုင်က သင်ပြမဲ့သူမဖြစ်ရင်တောင် သူ့သားသမီးကို သူတို့လိုမဖြစ်အောင် ညွှန်ကြားပြသသူထံမှာ အမြဲထားချင်ကြတယ်။ အကောင်းဆုံးတွေ၊ အကောင်းတကာ့အကောင်းဆုံးတွေပေးချင်တာ။ မိဘမေတ္တာပဲ သားတို့ကိုယ်တိုင်လဲ တတ်သိလိမ္မာလိုချင်တဲ့ကလေးမို့ ဆိုဆုံးမလို့ရတာပေါ့ကွယ်"

"ကြီးညိုရယ်။ သားနားလည်ပါပြီဗျာ။ အဖေနဲ့ အမေရဲ့ မေတ္တာတရားတွေကိုလဲ သားသိသွားပါပြီ။ အမြဲတမ်းသားတို့အတွက် ဦးစားပေးတတ်တဲ့ မိဘတွေရဲ့ စိတ်ဆန္ဒကိုသိရလို့ အဖေနဲ့အမေကို ပိုချစ်သွားပြီ"

"ကြီးညိုဝမ်းသာလိုက်တာကွယ်။ ကြီးညို သားတို့ညီအစ်ကိုနှစ်ယောက်ကို သွန်သင်ဆုံးမလမ်းညွှန်ပေးရတာ တန်လိုက်တာကွယ်"

"သားကလဲ ကြီးညိုကို အမြဲတမ်းချစ်ခင်ရိုသေကျေးဇူးတင်နေမှာပါ။ ကြီးညိုသာ မဆုံးမခဲ့ရင်၊ မထိန်းကွပ်ခဲ့ရင် သားတို့ညီအစ်ကို အခုလို အခြေအနေမဖြစ်လာဘူးလေ။ ကြီးညိုက သားတို့အတွက် လက်ဦးဆရာပါကြီးညို"

"ဒါဆို မိဘတွေကို အပြစ်မမြင်ဘဲ နားလည်ရမယ်နော်သား။ ဟုတ် ကြီးညို။ သား အဖေနဲ့ အမေရဲ့ စေတနာကိုလဲ နားလည်ပါပြီ။ ကြီးညိုကိုလဲ တအားကျေးဇူးတင်ပါတယ်ဗျာ"

(၄)

ကြီးညိုနှင့်စကားပြောပြီးတော့ သူ အပေါ်ထပ်တက်လာခဲ့သည်။ သူ့အိပ်ခန်းထဲမဝင်ခင် ဧည့်ခန်းတွင်ချိတ်ထားသည့် အဖေနှင့်အမေဓာတ်ပုံကို သူကြည့်နူးစွာကြည့်မိသည်။ ရင်ထဲတွင်လည်း ကြည်နူးမှုများက အတိုင်းအဆမရှိအောင် လှုပ်ရှားနေသည်။ ယခု သူ အဖေနှင့်အမေကို အလွန်တွေ့ချင်သည်။ သူ့ရင်ထဲက ခံစားချက်များကို ရင်ဖွင့်ပြချင်မိသည်။ သူတို့ ဘယ်လိုပဲရုန်းကန်နေရပါစေ သူတို့ညီအစ်ကိုနှစ်ယောက်အတွက် မိဘဝတ္တရားရာနှုန်းပြည့် ကျေပွန်ခဲ့ကြသည်၊ လိုလေသေးမရှိအောင် ထားပေးခဲ့သည်။ သူ မျက်ရည်များနှင့်ပြုံးရင်း လက်အုပ်ချီကာ အဖေနှင့်အမေကို ကန်တော့လိုက်သည်။ ယခုတော့ ဓာတ်ပုံကလေးကိုသာ ဦးချကန်တော့ရခြင်းဖြစ်သည်။ ညရောက်လျှင်တော့ သူ့စိတ်ကူးအတိုင်း အဖေနှင့်အမေကို ဦးချကန်တော့မည်ဖြစ်သည်။ သူ စိတ်ထဲက တိုးတိုးလေး ရေရွတ်လိုက်မိသည်။ ကျလာသည့်မျက်ရည်များကို သုတ်ပြီး အဖေနှင့်အမေပုံလေးကိုသာ စိုက်ကြည့်နေမိတော့သည်။

"ကျေးဇူးတင်ပါတယ် အမေနဲ့အမေ။ သား အဖေနဲ့အမေကို တအားချစ်တယ်"

ပါးစပ်ကမထွက်သော်လည်း ရင်ထဲက အကြိမ်ကြိမ်ပြောနေမိတော့သည်။

(၅)

ညနေ အဖေနှင့် အမေပြန်လာတော့ သူ့အိပ်ရာ

စာမျက်နှာ ၂၅သို့ ➤

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၂၆၉၁ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၂၆၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၂၆၉၁ ဧကကို နိုဝင်ဘာလ ပထမပတ်က စတင်လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ လျာထားစိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံမြေပဲ ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမြေပဲကို ၂၆၉၁ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ အခုလိုလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း စိုက်ပျိုးခဲ့တာဖြစ်တယ်။ ဒေသခံပြည်သူတွေ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေ စားသုံးနိုင်စေဖို့နဲ့ ဒေသတွင်းစားသုံးဆီပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ အတွက် ဆီထွက်သီးနှံမြေပဲအပါအဝင် အခြားဆီထွက်သီးနှံတွေကို တစ်မြို့နယ်လုံးအနေနဲ့ စီမံချက်ချမှတ်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မြေပဲမျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှုနည်းစနစ်များမှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့တွင် VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်

**ညောင်ရွှေ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာခြောက်ရွာမှ ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျေးရွာများတွင်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အကြောင်းအရာတို့အား ချပြရှင်းလင်းခဲ့သည်။

အဆိုပါသင်တန်းသို့ ညောင်ရွှေမြို့နယ်အတွင်း ကျေးရွာခြောက်ရွာမှ သင်တန်းသား ၁၂ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာသယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင် ပြက္ခဒိန်ရေးဆွဲနည်း၊ အိမ်ထောင်စုစာရင်း ကောက်ယူနည်း၊ ၄၈ ဇယားဖြည့်သွင်းနည်း၊ နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲနည်းအစီအစဉ် AVIP သင်ခန်းစာများကို ငါးရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်ရိုး(မလှိုင်)**



➤ စာမျက်နှာ ၂၄မှအဆက်

ထဲက ထလာခဲ့သည်။ သူတံခါးအကွယ်လေးနားက အဖေနှင့် အမေကို ချောင်းကြည့်နေမိသည်။ အဖေနှင့်အမေလက်ထဲတွင် အထုပ်အပိုးအိတ်များ များစွာပင်။

"ဒါက သားကြီးအတွက် ကြီးညိုရေ။ အထည်ဆန်းလေးတွေရလာလို့ တစ်ခါတည်းဝယ်လာတာ"

"ဒါက သားငယ်အတွက်ဗျာ။ အဆောင်မှာနေရတာ အဆင်ပြေရဲ့လားမသိဘူးနော်"

"ပြေမှာပါကိုရယ်။ ကျွန်မကတော့ သားလေး ကျန်းမာရေးအတွက်ပဲ စိတ်ပူတာ"

"နင်တို့ ဘာမှမပူနဲ့ အဆောင်မှူးနဲ့ ငါ နေ့တိုင်း ဖုန်းပြောဖြစ်ပါတယ်ဟယ်"

"ကျေးဇူးပါဗျာ။ ကြီးညိုရှိလို့ ကျွန်တော်တို့ စိတ်ချရတာ။ လွတ်လွတ်လပ်လပ်စီးပွားရှာလို့ရတာ။ ငယ်တုန်းကြိုးစားလိုက်အုံးမယ်ဗျာ။ သားတွေ ဘွဲ့ရရင် သူတို့ဖူးစာပါရာနဲ့ယူကြမှာ။ မျက်နှာမငယ်စေချင်ဘူး"

"ဟုတ်တယ် ကိုရယ် သားနှစ်ယောက် ချွေးမနှစ်ယောက်ရမှာပေါ့"

"ဟုတ်ပ ဟုတ်ပအေ။ ညည်း သမီးနှစ်ယောက်ရမှာ"

"ဟား ဟား"

"မင်းတို့ သားနှစ်ယောက်ကို အင်မတန်ချစ်ကြတယ်ပေါ့"

"ဘယ်လိုပြောလိုက်တာလဲ ကြီးညိုရယ်။ အသွေးအသားတွေ ပေးရမယ်ဆိုရင်တောင် အဆင်သင့်ပါဗျာ"

"ချစ်လွန်းလို့ သားတွေဓာတ်ပုံ ကျွန်မပိုက်ဆံအိတ်ထဲအမြဲတမ်းပါပြီး သားပါနော်။ ဖုန်းထဲမှာလဲပြည့်လို့"

"ပိုပါ့အေ ဟင်း ဟင်း"

သူတံခါးအကွယ်လေးက ချောင်းကြည့်နေရင်း မျက်ရည်များကျလာတော့သည်။ ရယူခြင်းမရှိသည့် အဖေနှင့်အမေ၏မေတ္တာက နှိုင်းတု၍ မရနိုင်ပေ။ အသက်ကြီးလာလျှင် သားသမီးလုပ်စာထိုင်စားမည်ဟုမပြော။ သူတို့ညီအစ်ကိုနှစ်ယောက်အတွက် အဆုံးထိပေးဆပ်ကြမည့် သူရဲကောင်းများသဖွယ်ပင်။ သူတို့အသက်အရွယ် မကြီးလာတော့ဘူးဟုပင် ထင်ပုံရသည်။ သားသမီးအတွက် ရှေ့တန်းတင်ပြီး ပင်ပန်းပုံလည်း မပြကြပေ။ အမြဲတမ်းတက်ကြွလန်းဆန်းနေကြသည်။

"စိတ်ချ သားဘွဲ့ရတာနဲ့ အဖေနဲ့ အမေကို သက်ဆုံးတိုင်လုပ်ကျွေးသွားဖို့ ဆုံးဖြတ်လိုက်ပါပြီဗျာ"

မမြင်ရသည့် နံရံတစ်ဖက်ဆီက ဆန်ရေနှင့်စုန်ရေ ချစ်ခြင်းမေတ္တာများက ချိုမြိန်လွန်းလှပေသည်။

## ထူးမြတ်ပေစွ ပြာသိုလ

\- ရာသီအခေါ် မကာရနဲ့
ဖုသျှ နက္ခတ်တည်၊
မြင်းခင်းသဘင် ပွဲတော်လည်း
ဆင်နွှဲချိန်ညီ၊
ရာသီပန်း ခွာညိုသည်
ပြာသိုအမီ ဖူးပွင့်လန်း၊
ရှင်တစ်ထောင် ပူဇော်မှုကိုလည်း
(လပြည့်နေ့ဝယ်)
ပြုပြည်တစ်ဝန်း။

\- ငွေနှင်းမြူ စွတ်စိုဖျန်းလို့
အေးချမ်းတဲ့ ဟေမန်မှာ၊
မြန်မာတွေ ကျွန်သပေါက်ဘဝမှ
လွတ်မြောက်ခဲ့တာ၊
အမေနေ့ မှတ်တစ်ဖြာ
မြတ်အခါ ကြုံဆုံရ၊
စပါးဆန်ရေ
မရှားလျှံဝေ အလွန်ပေါပါတဲ့
သာမောဖွယ်လ။

\- တောင်သူတွေ ကြိုးစားသမျှ
တိုးပွားကြတဲ့ အချိန်ပင်၊
ဆောင်းသီးနှံ အထွက်ကောင်းလို့
ရောင်းချငွေဝင်၊
လောဘနည်းလို့ သဒ္ဓါသန့်ရှင်
မြန်မာမှန်လျှင် လက်မနှေး၊
စိတ်အကြံညီ
နိဗ္ဗာန်ရည် မြတ်ကောင်းမှုကိုလ
ပေါင်းစုလှူပေး။ ။

**မောင်နှောဦး(လယ်ဝေး)**

# ဆင်ပေါင်ဝဲမြို့နယ် ဝွေးတောက်စမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝွေးတောက်စမ်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် သောက်သုံးရေဖူလုံစွာရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ဝွေးတောက်စမ်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ဝွေးတောက်စမ်းကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၇ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဆိုလာပြားများ တပ်ဆင်ခြင်းနှင့် ရေမြုပ်ပန့်တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို Mega Global Green Automation ကုမ္ပဏီက အောက်တိုဘာလ ဒုတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုသု**

ခရီးသွားဆောင်းပါး

# တောကျယ်ရေတံခွန်နှင့် မိန်းမရဲသခင်မတောင်

သက်နိုင်(ပြင်ဦးလွင်)

ရွာငံမြို့နယ်က ရေပြာအိုင်မှာ လေ့လာပြီးတာနဲ့ ရွှေထပ်ရေတံခွန်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ရေပြာအိုင်ရော၊ ရွှေထပ်ရေတံခွန်ရော တောကျယ်ဆိုတဲ့ရွာမှာရှိနေကြတာပါ။ ဒါကြောင့် တောကျယ်ရေပြာအိုင်၊ တောကျယ်ရေတံခွန်ဆိုပြီး ရွာအမည်နဲ့တွဲဖက်ခေါ်ယူကြတယ်။ ရေတံခွန်ကို တောကျယ်ရွာထဲကနေ ဖြတ်သန်းသွားရပြီး လမ်းအနေအထားနဲ့ အကွေ့တွေကျဉ်းနေတာကြောင့် ကားငယ်လေးတွေသာ ဝင်ထွက်သွားလာနိုင်ကြတယ်။ ခရီးသည်တင်လေအိတ်ကားကြီးတွေနဲ့ လာကြတဲ့သူတွေက ရေပြာအိုင်ကားရပ်နားစခန်းမှာပဲ ကားရပ်ထားခဲ့ကြရပြီး ရေတံခွန်ရှိရာကို လမ်းလျှောက်သွားကြရတယ်။ ရေပြာအိုင်နဲ့ ရေတံခွန်က ရွာတွင်းလမ်းအကွေ့အကောက်တွေကြောင့် တစ်မိုင်လောက်ဝေးကွာသွားတယ်။

ရေတံခွန်ရှိရာကို အသွားလမ်းကတည်းက ကားတွေ၊ ဆိုင်ကယ်တွေ၊ လူတွေကို ရှောင်တိမ်းမောင်းရလို့ ရေတံခွန်မှာလဲ ခရီးသွားဧည့်သည်တွေပြည့်နေလောက်ပြီလို့ ခန့်မှန်းမိလိုက်တယ်။ ထင်ထားမိတဲ့အတိုင်း ကားရပ်နားကွင်းရောက်တာနဲ့ ကားထားစရာနေရာကို ခက်ခက်ခဲခဲရှာဖွေရပ်နားခဲ့ရတယ်။ ရေတံခွန်ကားရပ်နားကွင်းမှာလဲ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်တွေ၊ ဆေးမြစ်၊ ဆေးဥအရောင်းဆိုင်တွေ၊ စားသောက်ဆိုင်လေးတွေ၊ မုန့်စုံဆိုင်လေးတွေ တန်းစီရှိနေကြတယ်။ ကားရပ်နားကွင်းနဲ့ ရေတံခွန်က အလွန်နီးနေပြီး ရေတံခွန်က ရေကျသံတွေကိုအတိုင်းသားကြားနေရပေမဲ့ ရေတံခွန်ကို သွားရောက်ကြရတဲ့အခါ စိုက်ခင်းလေးတွေ၊ တောစပ်လေးတွေ၊ စမ်းချောင်းလေးတွေကို ဖြတ်သန်းသွားကြရတယ်။ စမ်းချောင်းလေးတွေက သေးငယ်ကျဉ်းမြောင်းပြီး နက်ရှိုင်းမှုမရှိပေမဲ့ ရေတွေတသွင်သွင်စီးဆင်းနေတာကြောင့် ဝါးတံတားလေးတွေထိုးပေးထားကြတယ်။ ရေတံခွန်ကို မရောက်ခင်ကတည်းက အသီးအနှံတွေနဲ့ စိမ်းစိမ်းစိုစိုစိုက်ခင်းတွေ၊ ကြည်ကြည်လင်လင်အေးအေးမြမြစမ်းချောင်းရေတွေကို တွေ့မြင်နေရလို့ ခရီးသွားတွေအားလုံး စိတ်ပျော်ရွှင်နေကြရပါပြီ။

ကားရပ်နားကွင်းနဲ့ ရေတံခွန်က အလွန်နီးပြီး ရေကျသံတွေကို ကြားနေရတယ်ဆိုပေမဲ့ ရေတံခွန်ရှိရာကို လမ်းလျှောက်သွားတဲ့အခါ ၁၀ မိနစ်လောက်ကြာတယ်။ တောကျယ်ရေတံခွန်က အလယ်ချောင်ရေတံခွန်နဲ့ နှိုင်းယှဉ်လိုက်ရင် အလွန်သေးငယ်ပါတယ်။ဒါပေမဲ့ သူ့နေရာနဲ့သူ တစ်မျိုးစီလှပကြပါတယ်။ အလယ်ချောင်ရေတံခွန်က ကျယ်ကျယ်ပြန့်ပြန့် မြင့်မြင့်မားမားရှိနေပြီး တောကျယ်ရေတံခွန်က ကျယ်ပြန့်ခြင်းမရှိသလို မြင့်မားခြင်းလဲမရှိပါဘူး။ ရေတံခွန်မှာ အထပ်ရှစ်ထပ်ရှိတယ်ဆိုပေမဲ့ အချို့အထပ်တွေက တစ်ပေကျော်နှစ်ပေ၊ သုံးပေကျော် လေးပေလောက်နဲ့ အမြင့်ဆုံးအထပ်တွေက လူတစ်ယောက်ကျော်သာရှိနေတယ်။ ရေတံခွန်ရဲ့ စုစုပေါင်းအမြင့်က ပေ ၅၀ မကျော်ပါဘူး။ ဒါပေမဲ့ အထပ်တွေအားလုံးက နီးနီးကပ်ကပ်နဲ့ ခပ်စိပ်စိပ်ဖြစ်နေတာကြောင့် ရေတံခွန်ရဲ့အလှကပေါ်ပေါ်လွင်လွင်နဲ့ ကြည့်လို့ကောင်းနေသလို ဓာတ်ပုံဝါသနာရှင်တွေအတွက် သဘောကျနှစ်ခြိုက်စရာဖြစ်နေတယ်။

တောကျယ်ရေတံခွန်ရဲ့ အထပ်တွေမှာ ရေတံခွန်အောက်တည့်တည့်က ရေကန်ကြီးထဲမှာ ရေချိုး၊ ရေကစားနိုင်ကြတယ်။ ရေကြောက်တတ်သူတွေအတွက် ရေတံခွန်ရှိရာကိုသွားဖို့ ယာယီဝါးတံတားတစ်ခုထိုးပေးထားတာကိုလဲ တွေ့ကြရတယ်။ ဝါးတံတားက ခိုင်ခိုင်ခံ့ခံ့မဟုတ်ပေမဲ့ လူသုံးလေးယောက်လောက်တစ်ပြိုင်နက်ဖြတ်သန်းသွားလာနိုင်ပါတယ်။ မနက်ပိုင်းတုန်းက အလယ်ချောင်ရေတံခွန်ကိုရောက်ရှိခဲ့ပြီဖြစ်တဲ့ မိမိတို့ခရီးဖော်တွေအားလုံးက ကျဉ်းမြောင်းသေးငယ်နိမ့်ပါးတဲ့ တောကျယ်ရေတံခွန်မှာ စိတ်ဝင်တစားနဲ့ ပျော်ရွှင်မှုမရှိကြတော့ဘဲ ဓာတ်ပုံရိုက်ယူရုံ၊ အလှကြည့်ရုံ၊ ရောက်ဖူးရုံလောက်နဲ့သာ အချိန်အကုန်ခံခဲ့ပြီး ကားရပ်နားကွင်းရှိရာကို ပြန်လာခဲ့ကြတယ်။ အချိန်က နေ့လယ်ထမင်းစားချိန်ကိုကျော်လွန်နေပြီး မွန်းလွဲ ၁ နာရီထိုးနေပြီဖြစ်လို့ တောကျယ်ရွာမှာပဲ ထမင်းစားသောက်ကြဖို့ စီစဉ်လိုက်ရတယ်။

တောကျယ်ရွာမှာ ထမင်းစားမယ်ဆိုရင် ရေပြာအိုင်နဲ့ ရေတံခွန်နှစ်နေရာရှိတဲ့အနက် ဆိုင်တွေပေါများပြီး အစားအသောက်တွေစုံလင်တဲ့ ရေပြာအိုင်မှာစားသောက်ရတာပိုပြီး အဆင်ပြေပါတယ်။ ဒါကြောင့် ရေပြာအိုင်က စားသောက်ဆိုင်တန်းမှာ အလှူထမင်းနယ်၊ ရှမ်းရိုးရာတို့ဟူးသုပ်၊ ငါးကြော်၊ ကြက်သောက်ဆမ်းဟင်းရည်နဲ့ နေ့လယ်စာထမင်းစားလိုက်ကြတယ်။ ရေပြာအိုင်မှာရှိနေတဲ့ စားသောက်ဆိုင်တွေက ကြီးမားခံ့ညားတဲ့ဈေးဆိုင်ကြီးတွေမဟုတ်ဘဲ သာမန်စားသောက်ဆိုင်လေးတွေပါ။ ဒါပေမဲ့ စားသောက်လို့ကောင်းပြီး ဈေးနှုန်းတွေကလဲ သင့်တင့်ချိုသာကြတယ်။ ရောင်းချနေကြတဲ့ စားသောက်ဆိုင်အားလုံးနီးပါးမှာလဲ ကြက်ကြော်၊ ငါးကြော်ဟင်းတွေနဲ့အတူ တို့ဟူးသုပ်၊ တို့ဟူးကြော်၊ ကြက်သောက်ဆမ်းဟင်းရည်တွေ ရကြတယ်။

နေ့လယ်စာ ထမင်းစားသောက်ပြီး ထွက်လာတော့ မွန်းလွဲ ၁ နာရီကျော်နေပါပြီ။ ခရီးအစီအစဉ်အရ ရွာငံမြို့နယ်ထဲမှာရှိတဲ့ အထင်ကရနေရာတွေကို သွားရောက်လေ့လာလည်ပတ်ကြမှာဖို့ မိန်းမရဲသခင်မတောင်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မိန်းမရဲသခင်မတောင်ကိုရောက်ပြီးရင် ရွာငံမြို့နယ်ထဲမှာ ထင်ရှားတဲ့နေရာဒေသတွေအနက် ယုန်ပွေကွမ်းသီးခြံကလွဲရင် နေရာစုံရောက်ရှိရတော့မှာပါ။ မိန်းမရဲသခင်မတောင်က ရွာငံ-အောင်ပန်းသွားတဲ့လမ်းပေါ်မှာ တည်ရှိနေလို့ တောကျယ်ရွာကနေ တစ်ဆက်တစ်စပ်တည်းသွားရောက်ကြရပါမယ်။

မိန်းမရဲသခင်မတောင်ကိုသွားတဲ့ လမ်းတစ်လျှောက်မှာလဲ လှလှပပတန်းစီပေါက်နေတဲ့ ယူကလစ်ပင်တန်းတွေ၊ ဝါဝါထိန်ထိန် ကျယ်ကျယ်ပြန့်ပြန့်နေကြာပန်းခင်းတွေနဲ့ ပန်းနှမ်းခင်းတွေကို တွေ့ကြရလို့ ကားရပ်ပေးရပြီး ဓာတ်ပုံတွေရိုက်ကြရသေးတယ်။ ရွာငံ-အောင်ပန်းလမ်းက ကောင်းလဲကောင်း၊ ရှင်းလဲရှင်းနေတာကြောင့် မိန်းမရဲသခင်မတောင်ရှိရာကို တစ်ခဏနဲ့ရောက်လာကြတယ်။ တောင်ရှိရာကို ချိုးကွေ့ဝင်ရောက်ခြင်းမပြုခင် ကားကို ခဏရပ်ပေးရင်း တောင်အဝင်ဆိုင်းဘုတ်နဲ့ တောင်အလှတွေကို ဓာတ်ပုံရိုက်ပြီး တောင်ရဲ့အလှကို အဝေးကနေ ဦးစွာကြည့်ရှုခံစားကြရတယ်။ တောင်က မြင့်မြင့်မားမားမဟုတ်ပေမဲ့ တောင်ထိပ်နဲ့ တောင်ကမ်းပါးယံတွေ၊ တောင်ခါးပန်းတွေ၊ တောင်ပတ်လည်နေရာအစုံမှာ စေတီပုထိုးတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေကို အများအပြား ဖူးမြော်တွေ့မြင်နေရတယ်။ ဒီလမ်းခရီးကို မကြာခဏသွားလာနေရပြီး မိန်းမရဲသခင်မတောင်ရောက်ရင် အဝင်ဆိုင်းဘုတ်လောက်နဲ့ အဝေးမြင်တောင်အလှတွေကိုသာ ဓာတ်ပုံရိုက်ယူခဲ့ပြီး တောင်ပေါ်ကို တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးပါဘူး။ အခုတစ်ခါတော့ တောင်ထိပ်ထိ တက်ရောက်လေ့လာခွင့်ရရှိပါတော့မယ်။

တောင်ခြေကားရပ်နားကွင်းကိုရောက်တော့ ရေပြာအိုင်နဲ့ တောကျယ်ရေတံခွန်တို့မှာလို ကားတွေ၊ ဆိုင်ကယ်တွေ၊ ခရီးသွားဧည့်သည်တွေ အများအပြားနဲ့ ပြည့်ကျပ်မနေဘဲ ရှင်းလင်းနေတာကိုတွေ့ရတယ်။ တောင်ပေါ်ကိုတက်တဲ့ အုတ်လှေကားက အမိုးပါစောင်းတန်းမျိုးမဟုတ်ဘဲ သာမန်အုတ်လှေကားသက်သက်သာဖြစ်နေလို့ တောင်အရိပ်ကျနေတဲ့နေရာတွေကလွဲပြီး နေပူပူထဲမှာ တက်ရောက်ခဲ့ကြရတယ်။ ဒါပေမဲ့ တောင်အောက်လှေကားထစ်အစကနေ တောင်ထိပ်ပေါ်ရောက်တဲ့ထိ လှေကားထစ်ပေါင်း ၂၀၀ ကျော်သာရှိနေလို့ တောင်ပေါ်ထိ မပင်မပန်း သက်သက်သာသာနဲ့ တက်ရောက်နိုင်ခဲ့တယ်။ အမိုးစောင်းတန်းမပါတဲ့ လှေကားကနေတက်လာရင် တဖြည်းဖြည်းနဲ့ အထက်အမြင့်ပိုင်းကိုရောက်လာတာနဲ့အမျှ ရှုခင်းတွေကို မြင်တွေ့လာရတယ်။



ရွာငံမြို့နယ်ရှိ မိန်းမရဲသခင်မတောင်ကို တွေ့ရစဉ်။

တောင်ထိပ်ပေါ်ကို မရောက်ခင်ကတည်းက ဟိုနားတစ်ဆူ ဒီနားတစ်ဆူ အကွဲကွဲအပြားပြားရှိနေတဲ့ စေတီပုထိုးရုပ်ပွားတော်ပေါင်းများစွာကို ဖူးမြော်ခွင့်ရရှိကြတယ်။ ဒါပေမဲ့ အများအားဖြင့် အာရုံခံတန်ဆောင်းတွေလဲ မရှိ၊ အမိုးအကာတွေလဲမရှိ၊ အောက်ခံအခင်းကောင်းကောင်းတွေလဲ မရှိသေးတာကြောင့် အဆင်ပြေတဲ့နေရာကနေ အဆင်ပြေသလို ရှိခိုးကန်တော့ကြရတယ်။ တောင်ပေါ်မှာ အာရုံခံတန်ဆောင်းတွေ၊ အမိုးအကာတွေ၊ အဆောက်အအုံတွေမရှိတာလဲ တစ်ခုကောင်းနေတယ်။ တောင်အောက်ကနေ တောင်ရဲ့အလှကို ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား မြင်တွေ့နေရသလို တောင်ပေါ်ကနေလဲ ပတ်ဝန်းကျင်တစ်ခွင်လုံး ပတ်ပတ်လည်မှာရှိနေတဲ့ ရှုခင်းအလှတွေကို ပီပီသသလှလှပပ မြင်တွေ့နေရတယ်။ နေကြာပန်းခင်းတွေ၊ ပန်းနှမ်းခင်းတွေ၊ မုန်ညင်းခင်းတွေ၊ ပန်းမုန်လာခင်းတွေ၊ ဂေါ်ဖီထုပ်ခင်းတွေ၊ စပါးခင်းတွေ၊ ချောင်းတွေ၊ မြောင်းတွေ၊ သစ်ပင်တောတန်းတွေက တောင်ပေါ်အမြင့်ကနေကြည့်မှ ပိုပြီး သာယာလှပတယ်လို့ ထင်လိုက်ရတယ်။ မိန်းမရဲသခင်မတောင်ပေါ်မှာ ဘုရားစေတီတွေကို ဖူးမြော်ကန်တော့ရတဲ့အချိန်ထက် လှည့်ပတ်လေ့လာကြည့်ရှုပြီး ဓာတ်ပုံတွေရိုက်ရတဲ့အချိန်က ပိုမိုများပြားနေတယ်။ တစ်နေရာရောက်ရင်ရှုခင်းတစ်မျိုး၊ နောက်တစ်နေရာရောက်ရင် နောက်ထပ်ရှုခင်းတစ်မျိုးနဲ့ လှပတဲ့ရှုခင်းတွေကို ဓာတ်ပုံရိုက်ယူလို့မဆုံးတော့ပါဘူး။

မူလခရီးအစီအစဉ်က မိန်းမရဲသခင်မတောင်မှာ လေ့လာပြီးရင် အောင်ပန်းမြို့ကနေတစ်ဆင့် ကလောမြို့ သို့မဟုတ် တောင်ကြီးမြို့မှာ ညအိပ်ရပ်နားကြပြီး ဒေသတွင်း အထင်ကရနေရာတွေကို ဆက်လက်သွားရောက်လေ့လာလည်ပတ်ကြဖို့ပါ။ ဒါပေမဲ့ သူငယ်ချင်းမိသားစုက ပင်းတယမြို့မှာရှိနေတဲ့ ရွှေဥမင်လိုဏ်ဂူတော်ကို သွားလိုကြောင်း တိုက်တွန်းပြောဆိုတာနဲ့ ခရီးစဉ်အသစ်ကို ထပ်မံရေးဆွဲရတော့တယ်။ ခရီးစဉ်အသစ်အနေနဲ့ ပင်းတယမြို့ ရွှေဥမင်လိုဏ်ဂူကို သွားပြီးရင် ကုံလုံဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို ထပ်မံဖူးမြော်ကြမယ်။ မိမိကလွဲလို့ ခရီးဖော်တွေအားလုံး မရောက်ဖူးကြသေးတဲ့ ရပ်စောက်မြို့မှာ သွားရောက်အိပ်စက်ရပ်နားကြမယ်။ နောက်တစ်နေ့ မနက်စောစောထပြီး ရပ်စောက်-ရွှေညောင်လမ်းကနေတစ်ဆင့် တောင်ကြီးမြို့တက်ပြီး လည်ပတ်ကြမယ်။ တောင်ကြီးမြို့ကနေ အောင်ပန်း၊ ကလော၊ မိတ္ထီလာမြို့တွေကိုဖြတ်ပြီး သူငယ်ချင်းရွာဖြစ်တဲ့ ကူမဲမြို့ ရွာခိုင်ကြီးကျေးရွာကို ပြန်ကြမယ်။ မိမိတို့က ပြင်ဦးလွင်မြို့ကိုရောက်အောင် ပြန်တက်လာခဲ့ကြမယ် စသဖြင့် ရေးဆွဲလိုက်ကြတယ်။ ခရီးစဉ်အသစ်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရှိနေတဲ့ နာမည်ကျော်ကြားရာမြို့တွေကို လမ်းတွေလဲ မထပ်ရအောင် တစ်ပတ်ပတ်လိုက်တဲ့သဘောပါ။

မိန်းမရဲသခင်မတောင်ကနေ ထွက်လာပြီးကတည်းက လမ်းတစ်လျှောက် ကားမရပ်တော့ဘူး။ ရှုခင်းတွေတွေ့ရင်လဲ ဓာတ်ပုံဆင်းမရိုက်တော့ဘူးဆိုပြီး ဆက်လက်ကားမောင်းလာခဲ့တာ လမ်းဆုံနေရာတစ်ခုကို ညနေ ၃ နာရီကျော်မှာရောက်ရှိလာကြတယ်။ လမ်းတစ်လျှောက် ဘယ်နေရာမှာမှ ကားရပ်ပြီး ဓာတ်ပုံမရိုက်တော့ဘူးဆိုပေမဲ့ လမ်းဆုံနေရာမှာ ခရီးမိုင်အကွာအဝေးတွေကို တိတိကျကျသိရအောင် လမ်းညွှန်ဆိုင်းဘုတ်တွေကို ဓာတ်ပုံရိုက်ယူရတာက အစပြုပြီး လှပတဲ့နေကြာပန်းခင်းနေရာတွေ၊ ပန်းနှမ်းခင်းနေရာတွေကိုရောက်တော့ မိမိကိုယ်တိုင်ကရော၊ ကားပေါ်က ကလေးတွေရော မနေနိုင်ကြတော့ဘဲ ကားကိုအတင်းရပ်ခိုင်းပြီး ဓာတ်ပုံတွေရိုက်ယူကြရတော့တယ်။ ဒီလိုနဲ့ ကားရပ်ပေးရင်း၊ ဓာတ်ပုံတွေ ရိုက်ကြရင်းနဲ့ လမ်းဆုံကနေ ပင်းတယမြို့အဝင် ၁၃ မိုင်လောက်ခရီးကို ညနေ ၄ နာရီထိုးမှ ရောက်လာကြတယ်။

ရွှေဥမင်လိုဏ်ဂူကို ပင်းတယမြို့အဝင်ကနေ တစ်ခဏလောက်သာ ကားမောင်းခဲ့ရပြီး မကြာခင်မှာရောက်လာပါတယ်။ ဒါပေမဲ့ လိုဏ်ဂူတော်မှာ ကားရပ်နားစရာ နေရာမရှိအောင် ကားတွေရော၊ လူတွေရော ပြည့်ကျပ်နေတာကြောင့် ကားထားစရာနေရာကို ခက်ခက်ခဲခဲရှာဖွေရပ်တန့်ခဲ့ရပြီးမှ လိုဏ်ဂူတော်ရှိရာကို စောင်းတန်းလှေကားတွေအတိုင်း တက်ရောက်လာခဲ့ရတယ်။ မိမိတို့ရောက်ရှိလာတဲ့အချိန်မှာ မီးပျက်နေလို့ ဓာတ်လှေကားကို အသုံးမပြုနိုင်ဘဲ ဘုရားဖူးခရီးသည်တွေအားလုံး စောင်းတန်းအတိုင်း ခြေကျင်တက်ရောက်ကြရတယ်။ ဒါကြောင့် များပြားလှတဲ့ ဘုရားဖူးတွေနဲ့စောင်းတန်းလှေကားတွေမှာ ပြည့်ကျပ်နေရတာပါ။

ပင်းတယရွှေဥမင်လိုဏ်ဂူတော်လို နာမည်ကျော်ကြားထင်ရှားတဲ့နေရာမှာ သာမန်နေ့တွေရက်တွေတောင် ဘုရားဖူးတွေအမြဲမပြတ် စည်ကားနေတာ၊ အခုလို အခါကြီးရက်ကြီးနေ့ရက်တွေမှာ ဘုရားဖူးတွေပြည့်နေတာ အထူးအဆန်းတော့မဟုတ်တော့ပါဘူး။ ဘယ်လောက်လူတွေများများ၊ ဘယ်လောက်လူတွေပြည့်ပြည့်ရောက်လာပြီးမှတော့ ဂူအတွင်းထဲထိဝင်ပြီး ဘုရားဖူးစရာရှိတာဖူး၊ လေ့လာစရာရှိတာတွေကို လေ့လာကြရပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တောင်ကုတ်မြို့နယ် မအီချိုင်အပန်းဖြေစခန်းသို့ ခရီးသွားလာရောက်လည်ပတ်မှုများပြားနေ



**တောင်ကုတ် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့ရှိ မအီချိုင်အပန်းဖြေစခန်းသို့ ခရီးသွားလာရောက်လည်ပတ်မှု များပြားနေကြောင်း မအီချိုင်အပန်းဖြေစခန်းတာဝန်ခံ ဦးဝင်းဇော်ထံမှ သိရသည်။

မအီချိုင်အပန်းဖြေစခန်းတွင် မြောက်ဦးဆရာတော်ကြီးတည်ထားသည့် ကျောက်ထွင်းလျောင်းတော်မှူဆင်းတုတော်နှင့်ထိုင်တော်မူဂျပန်ဘုရားများကိုဖူးရင်း လည်ပတ်ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်ထိ လာရောက်လည်ပတ်သူဦးရေ ၁၀၀၀ ရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ယခုနှစ် ဇန်နဝါရီ ၄ ရက်ထိ လာရောက်လည်ပတ်သူ ၁၅၀၀ ကျော်ရှိကြောင်း သိရသည်။

"ဒီအပန်းဖြေစခန်းကတော့ မြောက်ဦးဆရာတော်ကြီးတည်ထားတဲ့ကျောက်တောင်ကို ထွင်းထုထားတဲ့ လျောင်းတော်မူကြီးနဲ့ မအီစက်တော်ရာ၊ ထိုင်တော်မူဂျပန်ဘုရားအဆူဆူကို လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးတွေကုသိုလ်ယူရင်းနဲ့ အနားယူလို့ရအောင် စီစဉ်ထားတာဖြစ်ပါတယ်။ တည်းခိုသူတွေအဆင်ပြေအောင် ဘန်ဂလိုတွေ၊ တဲတွေ ဆောက်ပေးထားပါတယ်။ ဖွင့်လှစ်တဲ့လမှာ လာရောက်တဲ့ခရီးသွားတွေ များပြားနေပါတယ်"ဟု ၎င်းက ပြောပြသည်။

အဆိုပါ အပန်းဖြေစခန်းတွင် တောင်ပေါ်မှနှင်းကျသည့်ပတ်ဝန်းကျင်မြင်ကွင်းများကို ကြည့်ရှုနိုင်ပြီး ချောင်းထဲတွင်လည်း လှေစီးခြင်း၊ ရေကူးခြင်းများ ပြုလုပ်နိုင်သဖြင့် လာရောက်လည်ပတ်သူများ စိတ်အပန်းပြေမှုကိုဖြစ်ပေါ်စေကြောင်း၊ လာရောက်လည်ပတ်သူများအနေဖြင့် ကိုယ်တိုင်ချက်ပြုတ်စားသောက်နိုင်ပြီး လိုအပ်သည့်အိုးခွက်ပန်းကန်များကို စီစဉ်ပေးထားကြောင်း၊ အဆိုပါမအီချိုင်အပန်းဖြေစခန်းသည် Mountainside Resort အမျိုးအစားဖြစ်ပြီး အနီးရှိ မအီတောင်ပေါ်တွင် နတ်ရေကန်တစ်ကန်၊ ဒန်းဒီးရေတံခွန်၊ မြို့ချောင်းနှင့် လှေလာစရာကျောက်စာတစ်ချပ်ရှိကြောင်း သိရသည်။

အဆိုပါမအီချိုင်အပန်းဖြေစခန်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအပန်းဖြေစခန်းသည် တောင်ကုတ်မြို့နှင့် ၅၆ မိုင်ခန့်အကွာတွင် တည်ရှိကာ မအီစက်တော်ရာမှ သုံးဖာလုံခန့်အကွာတွင်တည်ရှိကြောင်း မအီချိုင်အပန်းဖြေစခန်းတာဝန်ခံ ဦးဝင်းဇော်က ပြောပြ၍ သိရသည်။

ASH

# သထုံမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သထုံ ဇန်နဝါရီ ၅**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွာတန်းရှည်ကျေးရွာနှင့် လေးတိုင်ကွက်သစ်ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့်ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ရွာတန်းရှည်ကျေးရွာနှင့် လေးတိုင်ကွက်သစ်ကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ရွာတန်းရှည်ကျေးရွာတွင် အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် P.F.G ကုမ္ပဏီကလည်းကောင်း၊ လေးတိုင်ကွက်သစ်ကျေးရွာတွင် အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Max Topကုမ္ပဏီကလည်းကောင်း တာဝန်ယူ၍ ဩဂုတ်လဒုတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက ပြောပြ၍ သိရသည်။ **သုတ**

# လိမ်လည်မှုမမြောက်က တရားမကြောင်းအရသာစွဲဆိုနိုင်

## စိန်လှိုင်ပိုလ်

ဥပဒေနယ်ပယ်တွင် တရားမဥပဒေသည် လွန်စွာကျယ်ဝန်းနက်ရှိုင်းသည်။ သိရှိနားလည်ရန် လွန်စွာခက်ခဲလှသည်။ လေ့လာလိုက်စား၍ မကုန်နိုင်ဟု ဆိုစမှတ်ပြုကြသည်။ ရာဇဝတ်ဥပဒေကို တရားမဥပဒေလောက် မရှုပ်ထွေးဟု ထင်မြင်ယူဆကြသည်။ တစ်ခါတစ်ရံတွင် ရာဇဝတ်ဥပဒေသည်ပင်လျှင် အတွေးအခေါ်၊ ဆင်ခြင်တုံတရားတို့နှင့် ပေါင်းစပ်ယှဉ်တွဲသုံးသပ်ဆုံးဖြတ်ရသည်များရှိရာ လွန်စွာရိုးရှင်းသည်ဟု မဆိုနိုင်ပေ။ ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၂၀ နှင့် စွဲဆိုသောအမှုများသည် တရားမကြောင်းသို့ တိမ်းနေ၊ ယိမ်းနေကြောင်းကို သာမန်အားဖြင့် မသိရှိနိုင်သော်လည်း နက်ရှိုင်းစွာဆင်ခြင်သုံးသပ်သည့်အခါတွင် ရာဇဝတ်ကြောင်းဖြင့် စွဲဆိုရမည်မဟုတ်ဘဲ တရားမကြောင်းဖြင့်သာ စွဲဆိုရန်ဖြစ်ကြောင်း ပေါ်ပေါက်လာတတ်သည်။ ၁၉၆၆ ခုနှစ် နိုင်ငံတော်တရားရုံးချုပ်တွင် တရားသူကြီး ဦးသက်ဖေ စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော ရာဇဝတ်ပြင်ဆင်မှုတစ်ခုကို ဖတ်ရှုမိရာမှ ဤဆောင်းပါးကိုရေးဖြစ်သည်။

**အမှုဖြစ်စဉ်အကျဉ်း**

လွန်ခဲ့သည့် ၁၉၆၆ ခုနှစ် ဇွန် ၁၄ ရက်တွင် တောင်ငူမြို့ အုတ်ကျွတ်တန်းရပ်နေ ဦးမိန်ရှိန်းက ၎င်း၏ဂျီအမ်စီသစ်ဆွဲကားအမှတ် တောင်ငူ/၆၇၉ ကို ဦးမောင်မောင်အား တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် စာချုပ်ချုပ်ဆိုရောင်းချခဲ့သည်။ ထိုနေ့ တစ်နေ့တည်း၊ တစ်ချိန်တည်းမှာပင် ကားဝယ်သူ ဦးမောင်မောင်က သစ်တောကြိုးဝိုင်း ၂၄ ကွင်းမှ ၎င်းကိုယ်ပိုင်ထုတ်လုပ်မည့် ကညင်သစ် တန် ၂၀၀ ကို တစ်တန်လျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ရောင်းချကြောင်း၊ သစ်ဖိုးငွေကျပ် ၂၀၀၀၀ ကို ဦးမောင်မောင်က လက်ခံရရှိကြောင်း စာချုပ်ချုပ်ဆိုခဲ့သည်။ ထိုသို့ ဦးမိန်ရှိန်းနှင့် ဦးမောင်မောင်တို့ အပြန်အလှန် အရောင်းအဝယ်စာချုပ်ချုပ်ဆိုကြသော်လည်း တစ်ဦးနှင့်တစ်ဦး ငွေအပေးအယူမရှိကြပေ။ မော်တော်ကား၏တန်ဖိုးကို သစ်ထုတ်လုပ်ချိန်တွင် သစ်များပေးရန်ဖြစ်သည်။

ဦးမိန်ရှိန်းနှင့် ဦးမောင်မောင်တို့မှာ သမီးယောက်ဖများဖြစ်ကြပြီး ထိုကဲ့သို့စာချုပ်ချုပ်ဆိုစဉ်အချိန်အခါက တစ်အိမ်တည်းနေထိုင်ကြသည်။ ထို့နောက် သစ်တန် ၂၀၀ ကိုပေးအပ်ရန် အချိန်ကျရောက်လာသောအခါ ဦးမောင်မောင်သည် သစ်များကိုပေးရန် ပျက်ကွက်ခဲ့သည်။ ထိုသို့ သစ်များကိုပေးရန် ပျက်ကွက်သဖြင့် မော်တော်ကားကိုပြန်တောင်းရာ မရသောကြောင့် ဦးမိန်ရှိန်းက ဦးမောင်မောင်အပေါ် ရာဇသတ်ပုဒ်မ-၄၂၀ အရ တောင်ငူမြို့နယ်တရားရုံး၌ ဦးတိုက်တရားစွဲဆိုခဲ့သည်။

**တောင်ငူမြို့နယ်တရားရုံး**က တရားလိုသက်သေများကို စစ်ဆေးပြီးနောက် ဦးမောင်မောင်အား **တရားရှင်**လွှတ်ခဲ့သည်။ ၎င်းအမိန့်ကို မူလရုံးတရားလိုက မကျေနပ်သဖြင့် တောင်ငူခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၇ ၌ စောဒကတက်ရာ မူလရုံး၏အမိန့်ကို ပယ်ဖျက်ကာ ဦးမောင်မောင်အပေါ် ထပ်မံစစ်ကြောစီရင်ရန် အမိန့်ချမှတ်ခဲ့သည်။ ဦးမောင်မောင်က ၎င်းအမိန့်ကို ပယ်ဖျက်ပေးရန် နိုင်ငံတော်တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

**တရားရုံးချုပ်တရားသူကြီး ဦးသက်ဖေ၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ခရိုင်ရာဇဝတ်တရားသူကြီးသည် လုပ်သားပြည်သူအချင်းချင်း မကျေနပ်မှုကိစ္စနှင့်ပတ်သက်၍ တရားရုံး၏အဆုံးအဖြတ်ကိုရယူရန် တိုင်ကြားစွဲဆိုလာသောအခါ **တရားသူကြီးများသည် တစ်ဖက်ကတင်ပြသည့် သက်သေအထောက်အထားများနှင့်သာ တင်းတိမ်ရောင့်ရဲကာ အဆုံးအဖြတ်ပေးခြင်းထက် အမှန်တရားပေါ်ပေါက်စေခြင်းအလို့ငှာ အမှုဖြစ်အခြင်းအရာကို** ပေါ်လွင်ထင်ရှားလာအောင် စစ်ဆေးဖော်ထုတ်ပေးရန် တရားသူကြီးဝတ္တရားဖြစ်သည်ဆိုခြင်းမှာ မငြင်းနိုင်။ **"အမှန်တရားထုတ်ဖော်ရေးကို အဓိကမထားဘဲ ဒိုင်လူကြီးအနေဖြင့်သာ အဆုံးအဖြတ်ပေးလျှင် တရားသူကြီး၏ တာဝန်ကျေပွန်လိမ့်မည်မဟုတ်ပေ"**။ သို့ရာတွင် တစ်ဖက်ကလည်း ပြည်သူတစ်ဦးဦးအား အကြောင်းမဲ့ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု ရုံးတင်တရားစွဲဆိုထားခြင်း မပြုအပ်သည်ကိုလည်း သတိချပ်ရန်လိုကြောင်း၊ ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူသည် ထုချေဖြေရှင်းရန် ရုံးသို့လာရောက်ရခြင်း၊ ရှေ့နေရှေ့ရပ်များငှားရမ်းရသဖြင့် ငွေကြေးကုန်ကျခြင်း စသည့်ဒုက္ခများအပြင် ပြစ်ဒဏ်ကျခံရမည်လောဆိုသည့် စိတ်သောကကိုလည်း နာရီမလပ်ခံစားနေရသဖြင့် တိုင်းပြည်အတွက် လိုအပ်နေသော ၎င်း၏လုပ်အားခကို အပြည့်အဝရနိုင်တော့မည်မဟုတ်ပေ။ သို့ဖြစ်ရာ စွပ်စွဲခံရသူအဖို့လည်း မသက်သာ၊ တိုင်းပြည်အတွက်လည်း အကျိုးယုတ်စေသည့် အကြောင်းမဲ့ရာဇဝတ်မှု တရားစွဲဆိုမှုမျိုးကိုလည်း အားပေးရန်မသင့်"ဟု ဆင်ခြင်သုံးသပ်ခဲ့သည်။



**သိရှိနိုင်စွမ်းရှိသူများအား ဆင့်ဆိုခေါ်ယူစစ်ဆေးသင့်ကြောင်း**၊ ယခုအမှုတွင် ကားအရောင်းအဝယ်စာချုပ်ကို ရေးသားသည့် ဦးထွန်းမြိုင်ကိုလည်းကောင်း၊ မော်တော်ကားကို ပြင်ဆင်ရန်အပ်ထားသည့် အလုပ်ရုံပိုင်ရှင် ဦးအီစွပ်ကိုလည်းကောင်း၊ မော်တော်ကား၏ နံပါတ်အသစ်ကို ပြောင်းလဲပေးရသည့် မော်တော်ယာဉ်မှတ်ပုံတင်ဌာနမှ တာဝန်ခံအရာရှိကိုလည်းကောင်း "ဦးတိုက်လျှောက်ထားသူက ခေါ်ယူစစ်ဆေးခဲ့ခြင်းမပြုစေကာမူ မူလရုံးက ခေါ်ယူစစ်ဆေးရန်လိုအပ်နေကြောင်းကောက်ယူကာ မူလရုံး၏တရားရှင်အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း" နိုင်ငံတော်တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

လုပ်သားပြည်သူအချင်းချင်း ဖြစ်ပွားသည့် ပြဿနာနှင့်ပတ်သက်၍ တရားရုံး၏အဆုံးအဖြတ်ကို ခံယူရန် တိုင်ကြားစွဲဆိုလာသောအခါ တရားသူကြီးများသည် အမှန်တရားပေါ်ပေါက်ရအောင် တွေးတောကြံဆ၍ စစ်ကြောစီရင်ရန် တာဝန်ရှိကြသည်မှာ မှန်၏။ တရားလို သို့မဟုတ် တရားခံတစ်ဦးဦး၏ မတတ်ကျွမ်းမလိမ္မာမှုကြောင့် ဖြစ်ရပ်အမှန်ကို တင်ပြနိုင်ခြင်းမရှိသည့်အမှုမျိုးတွင် ဖြစ်ရပ်အမှန်ကို

**လူတစ်ဦးတစ်ယောက်အား ၎င်း၏ပစ္စည်း သို့မဟုတ် ငွေကိုပေးအပ်စေရန် လိမ်လည်၍ မရိုးမဖြောင့်သောသဘောဖြင့်သွေးဆောင်မှသာ ရာဇသတ်ပုဒ်မ-၄၂၀ အရ အကျုံးဝင်မည်ဖြစ်သည်။ "ပစ္စည်း သို့မဟုတ် ငွေကိုပေးအပ်ခြင်းမပြုမီ တရားခံက ထိုသူအား လိမ်လည်လှည့်ဖြားခဲ့သည်ဆိုသော အချက်ရှိရန်လိုပေသည်။ ပစ္စည်း သို့မဟုတ် ငွေကို ပေးအပ်စေရန် သွေးဆောင်ခြင်းပြုလုပ်သည့်အချိန်၌ တရားခံသည် လိမ်လည်လှည့်ဖြားခြင်းမရှိပါမူ ၎င်းအပေါ် ရာဇဝတ်ကြောင်းအရ တရားမစွဲဆိုနိုင်ကြောင်း မောင်ဘိုးလှနှင့် နိုင်ငံတော်အတွဲ-၁၊ ရန်ကုန် စာ-၃၉၇၊ ပြည်ထောင်စုနှင့် ဦးစင်မောင်လတ်၊ ၁၉၅၂ ခုနှစ်၊ မ.တ.စ စာ-၁၁၄၊ (တရားလွှတ်တော်) နှင့် မစ္စတာ ဒီဂျာဗီ(လ်)နှင့် ပြည်ထောင်စု ၁၉၅၃ မ.တ.စ စာ-၂၀၀ (တရားလွှတ်တော်) မရွှေ (စ) မကျင်ရွှေနှင့် ပြည်ထောင်စု ၁၉၅၈ ခုနှစ်၊ မ.တ.စ စာ-၃၀၆ (တရားလွှတ်တော်)၊ ဦးစိန်နှင့် ပြည်ထောင်စု ၁၉၆၀ ပြည့်နှစ်၊ မ.တ.စ စာ-၂၃၆ (တရားလွှတ်တော်)**တို့မှာ အလားတူ အဆုံးအဖြတ်ပြုထားသည့် စီရင်ထုံးတချို့ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

ယခုအမှုတွင် ဦးမောင်မောင်သည် သက်သေခံအမှတ်-၁ အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုပြီးနောက် မော်တော်ကားအား ၎င်း၏ငွေကြေးဖြင့် ပြင်ဆင်ထားကြောင်းကို ဦးမိန်ရှိန်းကိုယ်တိုင်က ဝန်ခံထားသောကြောင့် ၎င်းတို့နှစ်ဦး ကားအရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းမှာ **ဟန်ဆောင်အရောင်းအဝယ်မဟုတ် အပြီးအပိုင်အရောင်းအဝယ်ဖြစ်ကြောင်း** ပေါ်လွင်သည်ဟု စိစစ်သုံးသပ်ခဲ့သည်။

အဆိုပါ မော်တော်ကားကိုဝယ်စဉ် ဦးမောင်မောင်က မော်တော်ကား၏တန်ဖိုးငွေဖြစ်သော ငွေကျပ် ၂၀၀၀၀ အတွက် ကညင်သစ်တန် ၂၀၀ ကို သစ်ထုတ်လုပ်ချိန်၌ ဦးမိန်ရှိန်းအား ပေးအပ်ရန် သဘောတူခဲ့၍ ဦးမောင်မောင်သည် သစ်စက်ပိုင်ရှင်တစ်ဦးဖြစ်သည်သာမက သစ်ထုတ်လုပ်ရန် ကိုယ်ပိုင်ကြိုးဝိုင်းလည်းရှိသူဖြစ်ကြောင်း ဦးမိန်ရှိန်းဘက်က ငြင်းဆိုနိုင်ခြင်းမရှိသဖြင့် ထိုသို့ **သစ်တန် ၂၀၀ ပေးအပ်ရန် သဘောတူစဉ်က ဦးမောင်မောင်သည် သစ်များကို ပေးအပ်ရန် အခြေအနေမရှိဘဲ လိမ်လည်လှည့်ဖြား၍ စာချုပ်ချုပ်ဆိုခဲ့သည်ဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ ဦးမောင်မောင်က အချိန်ကျ၍ သစ်များကို ပေးအပ်ရန်ပျက်ကွက်သောကိစ္စမှာ ရာဇဝတ်ကြောင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိ တရားမကြောင်းဖြင့်သာ တရားစွဲဆိုတောင်းခံရမည်ဖြစ်ကြောင်း နိုင်ငံတော်တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။**

အထက်ပါအကြောင်းများကြောင့် ဦးမောင်မောင်အား ရာဇသတ်ပုဒ်မ-၄၂၀ အရ ထပ်မံစစ်ကြောရန် စီရင်ချမှတ်ခဲ့သော တောင်ငူခရိုင်ရာဇဝတ်တရားသူကြီးအမိန့်ကို ပယ်ဖျက်ပြီး လျှောက်ထားသူ ဦးမောင်မောင်အား တရားရှင်လွှတ်ခဲ့သည့် တောင်ငူမြို့ ရာဇဝတ်တရားသူကြီး၏အမိန့်ကို နိုင်ငံတော်တရားရုံးချုပ်က အတည်ပြုလိုက်ပါသည်။

လိမ်လည်ခြင်းနှင့် ကတိပျက်ကွက်ခြင်းတို့သည် သာမန်အပေါ်ယံကြောကြည့်လျှင် တူညီသယောင်ယောင်ဖြစ်သော်လည်း မတူကွဲပြားခြားနားသည်။ လိမ်လည်မှု၌ မရိုးမဖြောင့်သောသဘောနှင့် သွေးဆောင်မှသာ ရာဇသတ်ကြီးပုဒ်မ-၄၂၀ နှင့် ငြိစွန်းမည်ဖြစ်သည်။ ပစ္စည်း သို့မဟုတ် ငွေကို ပေးအပ်ခြင်းမပြုမီ တရားခံက လိမ်လည်လှည့်ဖြားခဲ့သည်ဆိုသောအချက် မပေါ်ပေါက်ပါက လိမ်လည်မှုမမြောက်ပေ။ တရားမကြောင်းအရသာ စွဲဆိုရမည်ဖြစ်ကြောင်း လမ်းညွှန်ထုံးဖွဲ့ခဲ့သောအမှုဖြစ်သည်။ ဦးမောင်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၃၆(ခ) ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြောက်ဦး ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ မြောင်းဘွေကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစော၊ ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ မြောင်းဘွေကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်မှာကြားခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြောက်ဦးမြို့နယ်အတွင်း မြောင်းဘွေကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ပေ ၂၀၊ အမြင့် ပေ ၂၀ ရှိ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် အလျား ၂၆ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ရေစစ်ကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၂၇ ဒသမ ၆၈၁ သန်းဖြင့် Golden Land Arakan ကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၄ ရက်ထိ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက မြောင်းဘွေကျေးရွာရှိ အိမ်ခြေ ၄၂၀၊ လူ ၁၈၇၇ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေကို အချိန်ကုန်သက်သာစွာဖြင့် အိမ်တိုင်ရာရောက် ရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# စနေနေ့ညပွဲစဉ်တွေထဲက တိုက်စစ်ကစားအားကောင်းနေတဲ့ ရီးရဲလ်မက်ဒရစ်၊ ဗီအိုရင်တီးနား၊ ပဲလေ့စ်အသင်းတို့ကို ရွေးချယ်ရမှာပါ




ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ပြန်လည်ကျင်းပနေပေမဲ့ အခုတစ်ပတ်မှာလဲ လာလီဂါနဲ့ စီးရီးအေပွဲစဉ်တွေပဲ ယှဉ်ပြိုင်မှာဖြစ်ပြီး ပရီးမီးယားလိဂ်နဲ့ ပြင်သစ်လီဂူးကတော့ ပြည်တွင်းဖလားပွဲစဉ်တွေ ကျင်းပသွားမှာဖြစ်ပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါကတော့ နှစ်သစ်ကူးအားလပ်ရက် ကာလရှည်တာကြောင့် ဇန်နဝါရီ ၂၁ ရက်ရောက်မှ အမှတ်ပေးပွဲစဉ်တွေ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ အကြိတ်အနယ်ယှဉ်ပြိုင်ရမဲ့ စီးရီးအေ၊ လာလီဂါက ပြိုင်ပွဲတစ်ပွဲစီနဲ့ အင်္ဂလန်အက်ဖ်အေဖလားပွဲစဉ်တွေထဲက တစ်ပွဲစီကိုပဲ အဓိကရွေးချယ်သွားမှာပါ။

**ရီးရဲလ်မက်ဒရစ်အနိုင်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗီလာရီးရဲလ်အသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗီလာရီးရဲလ်အသင်းဟာ နည်းပြသစ်ဆက်တီယန်ကို ခန့်အပ်ပြီးနောက် တိုက်စစ်ကစားပုံကောင်းလာတာကြောင့် ရလဒ်ပိုင်းတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ကစားခဲ့တဲ့ခြေစမ်းပွဲစဉ်တွေမှာအနိုင်ရခဲ့သလို ပြီးခဲ့တဲ့ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာလဲ ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ဆီဂန်ဒါကလပ် ကာတာဂျီနာနဲ့တွေ့ဆုံခဲ့ပြီး ပထမပိုင်းမှာ တစ်ဂိုးဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့ပေမဲ့ ဒုတိယပိုင်းမှာ ဖိအားပေးကစားနိုင်ခဲ့တာကြောင့် ငါးဂိုးထိသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ရှိနေခဲ့တာကြောင့် ပြီးခဲ့တဲ့ငါးပွဲမှာ လေးပွဲထိဂိုးပေးခဲ့ရတာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းမှာ ဘေနာက ဂိုးသွင်းအများဆုံးဖြစ်ပေမဲ့ အသင်းကြီးတွေနဲ့ဆိုဂိုးရဖို့ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ လိုဆယ်ဆို တစ်ယောက်ကလွဲရင် ကျန်ကစားသမားအားလုံး ပါဝင်နိုင်မှာဖြစ်ပေမဲ့ စပိန်ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းကို ဧည့်ခံကစားရမှာဖြစ်တာကြောင့် ခံစစ်ပိုင်းမပြင်နိုင်ခဲ့ရင်တော့ ရှုံးနိမ့်သွားမှာပါ။

ရီးရဲလ်မက်ဒရစ်အသင်းဟာ လာလီဂါ ၁၅ ပွဲကစားအပြီးမှာ ၁၂ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၈ မှတ်ရရှိထားပေမဲ့ ဇယားထိပ်က ဘာစီလိုနာနဲ့ ရမှတ်တူဂိုးကွာခြားချက်ကြောင့် အဆင့်(၂) မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အခုရာသီအဝေးကွင်းရှစ်ပွဲကစားအပြီးမှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက ၁၉ ဂိုးထိ သွင်းယူနိုင်ခဲ့သလို ခံစစ်ပိုင်းကလဲ ပေးဂိုးခုနစ်ဂိုးပဲရှိတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ ဂိုးသမားကော့တွိုက်ဒဏ်ရာရနေပေမဲ့ တိုက်စစ်ပိုင်းမှာ ဘင်ဇီးမား၊ ဗင်နီစီးယက်စ်၊ အဆန်စီယို၊ ရိုဒရီဂိုတို့ပါဝင်ကစားနိုင်မှာဖြစ်လို့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ဗီလာရီးရဲလ်အသင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်ပါဘူး။ နည်းပြအန်ဆယ်လော့တီကတော့ အဝေးကွင်းပွဲစဉ်တွေကို ဂိုးမပေးရရေး အာရုံစိုက်ကစားလေ့ရှိပြီး ပြိုင်ဘက်ရဲ့အမှားကနေပဲ တန်ပြန်တိုက်စစ်နဲ့ ဂိုးရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ်ဆုံးရှုံးလို့မရတဲ့အခြေအနေကြောင့် ပြီးခဲ့တဲ့ဖလားပွဲစဉ်မှာလဲ အဓိကကစားသမားအားလုံးကို အနားပေးခဲ့ပြီး အရန်ကစားသမားတွေနဲ့ နိုင်ပွဲရှာနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အန်ဆယ်လော့တီဟာ အခုပွဲစဉ်ကိုအနိုင်ရဖို့ ကြိုတင်ပြင်ဆင်နေသလို သမိုင်းတစ်လျှောက်အဝေးကွင်းတွေ့ဆုံမှုတွေမှာလဲ အမြဲအသာရလေ့ရှိနေတာကြောင့် နည်းစနစ်ပိုင်းနဲ့ တိုက်စစ်ကစားပုံကောင်းနေတဲ့ ရီးရဲလ်မက်ဒရစ်ပဲ အနိုင်ရသွားမှာပါ။

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၀ | - | ၁ | ဗီလာရီးရဲလ် |
| နာပိုလီ | ၂ | - | ၃ | ဗီလာရီးရဲလ် |
| ဂူဂျီလို | ၁ | - | ၂ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၂ | - | ၁ | ဗလင်စီယာ |
| ကာတာဂျီနာ | ၁ | - | ၅ | ဗီလာရီးရဲလ် |

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၅ | - | ၁ | ဆဲလ်တစ် |
| ဗယ်လ်ကာနို | ၃ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | ကာဒီဇက် |
| ဗယ်လာဒိုးလစ် | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| ကာဆာရီနို | ၀ | - | ၁ | ရီးရဲလ်မက်ဒရစ် |

**ဖီအိုရင်တီးနားကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖီအိုရင်တီးနားအသင်းနဲ့ ဆက်ဆူအိုလိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ စီးရီးအေပွဲစဉ်မှာတော့ ဆက်ဆူအိုလိုအသင်းက နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပေမဲ့ ဖီအိုရင်တီးနားအသင်းဟာ အဲဒီအချိန်တုန်းက ခြေစွမ်းပိုင်းကျဆင်းနေတာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ ဖီအိုရင်တီးနားကစားသမားအများစုဟာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် အသင်းအနေနဲ့ တိုက်စစ်ပိုင်းထက်မြက်နေပြီး ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာလဲ တိုက်စစ်ပိုင်းက သွင်းဂိုး ၁၄ ဂိုးထိရရှိခဲ့ပြီး ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ နောက်ပိုင်းပွဲစဉ်တွေမှာတော့ ဂျူဗစ်၊ အီကွန်နီ၊ အမ်မရာဘတ်၊ ဒမ်ကန်နဲ့ ခံစစ်ကစားသမားတွေ အချိတ်အဆက်မိလာတာကြောင့် ရလဒ်ကောင်းလာတာကိုသတိပြုရမှာပါ။ လက်ရှိ နည်းပြအီတာလီယာနိုလက်ထက်မှာလဲ တိုက်စစ်မှူးကာဘရယ်က အသင်းရဲ့အဓိကသွင်းဂိုးတွေကို သွင်းယူပေးနေတာတွေ့ရမှာပါ။ ဒ့ပြင် ဖီအိုရင်တီးနားအသင်းဟာ အမှတ်ပေးပြိုင်ပွဲငါးပွဲဆက် ရှုံးပွဲမရှိသေးတဲ့ ရလဒ်ကောင်းကို ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။

လက်ရှိ ဆက်ဆူအိုလိုအသင်းကတော့ တိုက်စစ်မှူးစကာမက်စကာနဲ့ တိုက်စစ်မှူး ရက်စပါဒိုရီတို့ကိုရောင်းချပြီးနောက်ပိုင်း ကစားပုံကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲအပြီးမှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၆ မှတ်ပဲရရှိသေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အင်တာမီလန်တိုက်စစ်မှူးပီနာမွန်တီကို အစားထိုးခေါ်ယူခဲ့ပေမဲ့ ကစားသမားအနေနဲ့ အသင်းမှာအသားကျဖို့ရုန်းကန်နေရတာကြောင့် တိုက်စစ်ပိုင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် စီးရီးအေအဝေးကွင်းရှစ်ပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး နှစ်ပွဲသရေ၊ ငါးပွဲရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ခံစစ်ပိုင်းက ပေးဂိုး ၁၅ ဂိုးထိရှိခဲ့သလို တိုက်စစ်ပိုင်းက လေးဂိုးပဲသွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိမှာလဲ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့ပြီး လေးပွဲရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ ဆက်ဆူအိုလိုအသင်းဟာ အရင်ကစီးရီးအေမှာ ကစားသမားစုဖွဲ့မှု အလယ်အလတ်အဆင့်ရှိပေမဲ့ လက်ရှိမှာတော့ ဘဏ္ဍာရေးအခက်အခဲကြောင့် ကစားသမားဖြည့်တင်းမှုမပြုလုပ်နိုင်တော့ဘဲ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာ ဖီအိုရင်တီးနားက သာလွန်နေသလို အိမ်ရှင်အားသာချက်လဲရှိနေတာကြောင့် ဖီအိုရင်တီးနားကိုပဲအားပေးရမှာပါ။

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘူခါရက် | ၀ | - | ၃ | ဖီအိုရင်တီးနား |
| ဘက်စတီးယား | ၁ | - | ၂ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၁ | - | ၁ | မိုနာကို |
| ဖီအိုရင်တီးနား | ၆ | - | ၁ | လိုဇာနို |
| ဖီအိုရင်တီးနား | ၁ | - | ၁ | မွန်ဇာ |

**ဆက်ဆူအိုလိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | ၃ | - | ၂ | မာဆေး |
| ဆက်ဆူအိုလို | ၁ | - | ၂ | ပီအက်ဗ္ဗီ |
| အမ်ပိုလီ | ၂ | - | ၁ | ဆက်ဆူအိုလို |
| ဆက်ဆူအိုလို | ၀ | - | ၁ | အင်တာမီလန် |
| ဆက်ဆူအိုလို | ၁ | - | ၂ | ဆမ့်ဒိုးရီးယား |

**ပဲလေ့စ်အသင်းနဲ့ လက်တွဲရမှာပါ**

စနေနေ့ညမှာကစားမဲ့ အက်ဖ်အေဖလားပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ပဲလေ့စ်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပဲလေ့စ်အသင်းဟာ နည်းပြဗီအဲရာလက်ထက်မှာ ခြေစွမ်းပိုင်းကောင်းမွန်လာသလို အသင်းကြီးတွေကိုတောင် ယှဉ်ကစားနိုင်ခဲ့တာတွေ့ရမှာပါ။ ပရီးမီးယားလိဂ်ကလပ်အသင်းတွေဟာ အက်ဖ်အေဖလားကို တတိယအဆင့်က စတင်ကစားရတာဖြစ်ပေမဲ့ ပဲလေ့စ်အသင်းအနေနဲ့ ဆောက်သမ်တန်နဲ့ တွေ့ဆုံနေတာကြောင့် ပွဲကျပ်တယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ အစဉ်အလာကောင်းတွေရှိခဲ့ပြီး ၁၉၈၉-၁၉၉၀ ဘောလုံးရာသီနဲ့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွေမှာ ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ နည်းပြဗီအဲရာရဲ့ ၄-၂-၃-၁ ကစားကွက်မှာ ကစားသမားအားလုံးအချိတ်အဆက်မိနေပြီး ခြေစွမ်းပြကစားနိုင်တာကြောင့် အခုရာသီမှာ အိမ်ကွင်းသုံးပွဲပဲရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းတိုက်စစ်ပိုင်းကိုတော့ ဇာဟာ၊ ဂျော်ဒန်အရူး၊ အဇီ၊ အိုလိုက်တို့က ဦးဆောင်နေပြီး ပဲလေ့စ်အသင်းရဲ့သွင်းဂိုးတွေမှာ ဒီကစားသမားတွေကပဲ ဂိုးပါဝင်ပတ်သက်မှုများနေတာကိုတွေ့ရမှာပါ။ ပဲလေ့စ်အသင်းအနေနဲ့ ဆောက်သမ်တန်နဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးကြိမ်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့အသာရနေတာကြောင့် အခုပွဲစဉ်မှာလဲ နိုင်ပွဲရဖို့သေချာနေပါတယ်။

ဆောက်သမ်တန်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခြေစွမ်းပိုင်းကျဆင်းနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့အမှတ်ပေးဇယားမှာလဲ ရမှတ် ၁၂ မှတ်ပဲရရှိထားလို့ ဇယားအောက်ဆုံးမှာ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဒါကြောင့် ဆောက်သမ်တန်အသင်းဟာ အမှတ်ပေးပွဲကို အာရုံစိုက်ဖို့ အခုပွဲစဉ်ကို အာရုံစိုက်လာမယ်လို့မထင်ပါဘူး။ ဆောက်သမ်တန်အသင်းဟာ အက်ဖ်အေဖလားသမိုင်းမှာတော့ ၁၉၇၅-၁၉၇၆ ဘောလုံးရာသီမှာ ချန်ပီယံဆုတစ်ကြိမ်ရရှိခဲ့ပြီး ၁၈၉၉-၁၉၀၀ ဘောလုံးရာသီ၊ ၁၉၀၁-၁၉၀၂ ဘောလုံးရာသီနဲ့ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွေမှာ ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ ခြေစွမ်းပြကစားသမားတွေကိုထုတ်ရောင်းခဲ့ပြီး ကစားသမား ဖြည့်တင်းနိုင်ခြင်းမရှိတာကြောင့် ရလဒ်ကောင်းဖို့ခက်ခဲနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြဟက်ဆန်ဟတ်လက်ထက်မှာ အောင်မြင်မှုတွေရခဲ့ပေမဲ့ ဟက်ဆန်ဟတ်နဲ့လမ်းခွဲပြီးနောက်ပိုင်း လက်ရှိနည်းပြသစ်လက်ထက်မှာတော့နိုင်ပွဲမရရှိသေးပါဘူး။ ဒါကြောင့် အိမ်ကွင်းခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ပဲလေ့စ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၁ | - | ၃ | နာပိုလီ |
| ပဲလေ့စ် | ၂ | - | ၁ | ဗယ်လာဒိုးလစ် |
| ပဲလေ့စ် | ၀ | - | ၃ | ဖူလ်ဟမ် |
| ဘုန်းမောက် | ၀ | - | ၂ | ပဲလေ့စ် |
| ပဲလေ့စ် | ၀ | - | ၄ | စပါး |

**ဆောက်သမ်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၃ | - | ၁ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၂ | - | ၁ | လင်ကွန်း |
| ဆောက်သမ်တန် | ၁ | - | ၃ | ဘရိုက်တန် |
| ဖူလ်ဟမ် | ၂ | - | ၁ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၀ | - | ၁ | နော်တင်ဟမ် |




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# တောင်သမန်ဝန်းကျင်သမိုင်းဝင်နေရာများ ပုံနှိပ်ထုတ်ဝေ




စိတ်ကူးချိုချိုစာပေက ပြန်လည်ရိုက်နှိပ်ထုတ်ဝေသော ကိုပညာ (အမရပူရ)၏ တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် ဒေါက်တာသန်းထွန်း၏ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက်ကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်တွင် လူထုဒေါ်အမာ၏ အမှာစာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် တောင်သမန်အင်းကြီးရဲ့ဝန်းကျင်က ကျောက်ခေတ်သုံးပစ္စည်းကလေးများလည်း ဟိုနားဒီနားကဆိုသလို မကြာမကြာရတတ်ပါတယ်။ အဲဒါလေးတွေကိုလည်း ကိုပညာက သိမ်းဆည်းစုဆောင်းထားတယ်။ တစ်နေ့တော့ ကိုပညာဆီက တောင်သမန်ဝန်းကျင်က ကျောက်ခေတ်ပစ္စည်းများ ဆိုပြီး သမိုင်းဗဟုသုတဖြစ်ဖွယ် စာအုပ်ကလေးများဖတ်ရလေမလား မဆိုနိုင်ပါဘူး စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်တွင် နန်းအမရရွှေမြို့တော်၊ တောင်သမန်ကျောက်တော်ကြီးဘုရားသမိုင်း၊ မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရားသမိုင်း၊ တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများ(နောက်ဆက်တွဲ)စသည့် အခန်းခွဲများပါရှိပြီး အခန်းတိုင်းကို ခေါင်းစဉ်ငယ်အသီးသီးဖြင့် ရေးသားဖော်ပြထားသည်။

ယခုစာအုပ်ပါ နန်းအမရရွှေမြို့တော်ကို ဤသို့ ဖတ်ရှုနိုင်သည်။ အမရပူရမြို့ကို ရှေးပညာရှင်များက "အင်းအိုင်ဝိုက်လည်၊ ဘိုးတော်တည်၊ ရွှေပြည်အမရ၊ သာမောစွ" ဟု ဖော်ပြခဲ့သည်။ ထိုကဗျာသည် တိုတိုနှင့်လိုရင်းကို ပြဆိုနိုင်သော ကဗျာကလေးဖြစ်ပေသည်။ ဘိုးတော်ဘုရားဟုလူသိများသော ပဒုံမင်းသည် အင်းအိုင်စိမ့်စမ်း၊ ပတ်ကာသန်း၍၊ သာယာဖွယ်၊ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ်ကောင်းသော နန်းအမရရွှေပြည်ကြီးကို သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်ဟု ဆိုလိုပေသည်။ စာ-၁ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# နာမည်ကျော်ကြား ဂန္ထဝင်စကား ထုတ်ဝေဖြန့်ချိ




တက်လူကျော်စာပေက ဒုတိယအကြိမ်ထုတ်ဝေသော ဘိုးလှိုင်၏ နာမည်ကျော်ကြား ဂန္ထဝင်စကား စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် အင်္ဂလိပ်+မြန်မာပြန်နှင့် ရှင်းလင်းချက်များပါဝင်ပြီး စိတ်ဝင်စားဖွယ်မှတ်သားဖွယ်များဖြစ်ကြောင်း တွေ့ရသည်။

ယခုစာအုပ်တွင် ပုဂ္ဂိုလ်ကျော်များ၏ ဖြူမည်းဓာတ်ပုံများကိုလည်း ရိုက်နှိပ်ဖော်ပြထားသည်။

ယခုစာအုပ်တွင် မိတ်ဆက်စကားပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် မိန့်ခွန်းပြောသောအလုပ်သည် လူတိုင်း နိစ္စဓူဝလုပ်ရသောအလုပ် မဟုတ်သော်လည်း လူတိုင်းအနည်းဆုံး တစ်သက်လျှင်တစ်ကြိမ်၊ နှစ်ကြိမ် လူရှေ့သူရှေ့စကားပြောဖို့ ကြုံတတ်ပါသည်။ လူတစ်လုံး သူတစ်လုံးအဖြစ် ရှေ့ဆောင်ရှေ့ရွက်အခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နေရသူများသည် အကြိမ်များစွာစကားပြောရပါလိမ့်မည် စသည်ဖြင့် ဖော်ပြထားသည်။

ယခုစာအုပ်တွင် ဂျဝါဟာလားနေရူး၏ "ကံကောင်းချိန်နှင့်အချိန်းအချက်"မိန့်ခွန်းမှ မာဂရက်ဆန်းဂါး၏ကလေးတို့ခေတ်ထိ အကြောင်းအရာ ၁၅ ခုပါဝင်သည်။ ယခုစာအုပ်ပါ ဂျဝါဟာလားနေရူး၏ "ကံကောင်းချိန်နှင့် အချိန်းအချက်"မိန့်ခွန်းမှ ကောက်နုတ်ဖော်ပြရလျှင် ကျွန်တော်တို့ကုသိုလ်ကံအကျိုးပေးချိန်နဲ့ တိတ်တခိုးတွေ့ဖို့ချိန်းထားတာ နှစ်တွေကြာညောင်းလှပါပြီ။ တစ်နှစ် တစ်နှစ်ကလည်း ကုန်နိုင်ခဲတယ်ခင်ဗျာ။ ခုတော့ ချိန်းတဲ့ညရောက်ပြီ။ အိန္ဒိယပြည်သူတွေ ကံထလာပါပြီ။ အစီအစဉ်မှာ ပြန်ခဲ့သမျှ အကုန်မဟုတ်တောင် မည်မည်ရရလုပ်ကိုင်နိုင်မယ့်အချိန် ဆိုက်ပါပြီ။ (မကြာခင်) သန်းခေါင်နာရီမောင်းဆော်တာနှင့် တစ်ပြိုင်နက် ကမ္ဘာကြီးအိပ်နေချိန်မှာ အိန္ဒိယပြည်နိုးထတော့မယ်။ လွတ်လပ်တော့မယ်။ စာ-၂၂ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# မျက်ရှု ထွက်ရှိလာ




စိတ်ကူးချိုချိုစာပေက ဒုတိယအကြိမ်ထုတ်ဝေသော ဝင်းဦး၏ မျက်ရှုစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် တစ်ချိန်က အောင်မြင်ထင်ရှားလူကြိုက်များခဲ့သည့် နိုင်ငံကျော်ရုပ်ရှင်မင်းသား ဝင်းဦး၏ စာပေလက်ရာ သုံးခုကို စုစည်းထားခြင်းဖြစ်သည်။ ဝင်းဦးသည် အပျော်တမ်းစာရေးဆရာမဟုတ် စာပေအလုပ်ကို ထဲထဲဝင်ဝင်၊ ပီပီပြင်ပြင်ဆောင်ရွက်လုပ်ကိုင်ကာ အားထုတ်ရေးသားခဲ့သည့် ပီဘိစာရေးဆရာတစ်ယောက်ဖြစ်သည်ကို ယခုစာအုပ်ကိုဖတ်ရှုလျှင် သိမြင်နိုင်မည်ဖြစ်သည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် 'မျက်ရှု'ဟူ၍ အမည်နာမတပ်၍ သုံးအုပ်ပေါင်းတစ်အုပ်အဖြစ် ယခုထုတ်ဝေလိုက်သော ဝတ္ထုရှည်များမှာ စာရေးသူ ၁၉၆၂ ခုနှစ် ပတ်ဝန်းကျင်က ဆက်တိုက်ရေးသားခဲ့သောဝတ္ထုများဖြစ်ပါသည်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်တွင် အသည်းစားမဟာရာဇာ၏ရှင်းတမ်း၊ နုနုငယ်ငယ်၊ ကျွန်တော်မွေးတဲ့မီး ဟူသည့် ဝတ္ထုသုံးပုဒ်ပါဝင်ပြီး အသည်းစားမဟာရာဇာ၏ရှင်းတမ်းမှ ကောက်နုတ်ဖော်ပြရလျှင် နှင်းကွင်းကလေးအုံ့ပြ ရာသီဦး လေရူးကလေးဝှေ့စပင်ပြုပါပြီ. . . ဆောင်းကျွတ်လုပြီဖြစ်သော်လည်း နွေရာသီကား မသိတတ်သေးပေ။ အဝေးဆီပင်ဖျားအခေါင်မှ ကျေးသားညီနောင်တို့ ခွန်းကြုံတေးသီ၍ လာသောအခါ ရိုးတံလည်းကဲ့ အကိုင်းလည်းမွဲစပြု၍ လာ၏။ နှင်းပုလဲတို့ ခန္ဓာကြွေလု-သည်ရတုတွင်မှ ကျွန်တော့်ဇာတ်သည် ရပ်တန်းက ရပ်ဟန်ပြုရင်းမှ တစ်စခန်းထ၍ လာပြန်ပါသည်။ တက္ကသိုလ်ကျောင်းစကြိုတွင် စာမေးပွဲရင်ခုန်သံတို့ဖြင့် လျှံနေသည့်အခါဖြစ်ရကား ပွဲလမ်းတွေလည်းမရှိတော့ဘဲ ပျင်းရိစဖွယ်ဖြစ်၍ နေပါလေသည်။ စာ-၅၅ မှ

ယခုဖော်ပြခဲ့သောကောက်နုတ်ချက်ပါ ဝတ္ထုခေါင်းစဉ်ကိုပေးထားပုံကပင် အောင်မြင်ထင်ရှားသူတစ်ယောက်၏ ပိုင်နိုင်လှသောလေသံကို ကြားနေမိရသလိုပင်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# အတွေးအမြင် ၂၀၂၃ ဇန်နဝါရီလ ထုတ်ဝေဖြန့်ချိ




ဒေါင်းစာပေက ထုတ်ဝေသော စာရေးဆရာများပါဝင်ရေးသားထားကြသည့် အတွေးအမြင်၂၀၂၃ ဇန်နဝါရီလထုတ်စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စဉ်းစားဆင်ခြင်မှုကို ကောင်းစွာပံ့ပိုးပေးနိုင်မည့် အတွေးအမြင်ဆိုင်ရာစာစု ၂၈ ပုဒ်ပါဝင်ကြောင်း တွေ့ရသည်။

အလုပ်လုပ်ရန် ဝန်မလေးဘဲ စဉ်းစားတွေးတောမှုပြုရန်ဝန်လေးသူများ၊ စဉ်းစားတွေးတောမှုပြုရန် ဝန်မလေးဘဲ အလုပ်လုပ်ရန်နှောင့်နှေးဝန်လေးနေသူများ၊ စဉ်းစားတွေးတောမှုနှင့် အလုပ်လုပ်ခြင်းကို မျှတအောင် ဟန်ချက်မိမိဆောင်ရွက်တတ်သူများ မည်သူမဆိုဖတ်ရှုရန်သင့်လျော်သည့်စာအုပ်ကောင်းတစ်အုပ်ဟုဆိုရမည်ဖြစ်သည်။

ယခုစာအုပ်တွင် မောင်ခင်မင်(ဓနုဖြူ)၏ ဘာသာဗေဒဝေါဟာရများ(၈၃)၊ ဦးခင်မောင်ဆွေ(မန်းတက္ကသိုလ်)၏ ကျွန်ုပ်တို့မည်သို့ တွေးတောစဉ်းစားကြသည်ကို လေ့လာသောသိပ္ပံပညာ၊ Dr.အောင်အောင်မင်း၏ ပလတ်စတစ်ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေးနှင့် လူသားတို့၏အခန်းကဏ္ဍ၊ ဒီငြိမ်း(မန္တလေး)၏ ဩော် . . . လူတွေ . . . လူတွေ စသည့်စာစုများပါဝင်ပြီး ဒီငြိမ်း(မန္တလေး)၏ ဩော်. . . လူတွေ. . . လူတွေမှ ကောက်နုတ်ဖော်ပြရလျှင် တစ်ယောက်တည်းနေရတာလောက် ဒုက္ခရောက်တာမရှိဘူး။ လူဆိုတာ အဖော်နဲ့နေတဲ့သတ္တဝါပဲ။ ဧကစာရီ တောရပ်မှီတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ အတော့်ကိုချီးမွမ်းစရာပဲ။ သတ္တိကောင်းကြပေတယ်။ သားရဲတိရစ္ဆာန် ပြင်ပရန်သူတွေကို မကြောက်တဲ့အတွက် ချီးမွမ်းတာမဟုတ်ဘူး။ ကိုယ့်စိတ်ကိုထိန်းသိမ်းနိုင်တဲ့သတ္တိအတွက် ချီးမွမ်းတာပါပဲ။ တစ်ယောက်တည်းနေရတဲ့အခါမှာ ခြေလွတ်လက်လွတ်ရှိလို့ လွတ်လပ်တယ်ဆိုပေမယ့် နေရတာမလွယ်ကူဘူး။ စိတ်ကအလုပ်အများကြီးလုပ်တာပဲ။ စာ-၁၁၄ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ကကြီးခခွေးနိုင်ငံရေး ပုံနှိပ်ထုတ်ဝေ




Myanmar Heritage စာပေက ထုတ်ဝေသော သက်ဆွေမြန်မာ ပြန်ဆိုသည့် ကကြီးခခွေးနိုင်ငံရေး စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ် Marcus Weeks ၏ Politics in Minutes ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။ ယခုစာအုပ်တွင် မြန်မာဘာသာပြန်ဆိုသူ၏ အမှာစာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် သည်စာအုပ်သည် ရှုပ်ထွေးကျယ်ပြန့်လှသော နိုင်ငံရေးသိပ္ပံပညာကို မိနစ်ပိုင်းအတွင်း အမြည်းသဘော လေ့လာနိုင်ရန် ရေးသားထားသော In Minutes Series မှလက်ကိုင်စာအုပ်ငယ်တစ်အုပ်သာ ဖြစ်ပေသည်။ ကကြီးခခွေးနိုင်ငံရေးဟု အမည်ပေးရသည့် အကြောင်းမှာ နိုင်ငံရေးတွင် ကကြီးခခွေးအဆင့်ထားဦး 'ဝလုံးတန်း'အဆင့်ပင်မရှိသည့် ဘာသာပြန်သူ၏ နိုင်ငံရေးနောက်ခံနှင့် တိုက်ရိုက်ပတ်သက်၏ စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်တွင် အခန်း(၁)နိုင်ငံရေးအခြေခံမှ အခန်း(၁၄)အနာဂတ်ထိပါဝင်ပြီး ပြန်ဆိုရေးသားထားပုံမှာ ရိုးရှင်းလွယ်ကူ၍ ဆိုလိုရင်းကိုဒက်ခနဲသိစေနိုင်ပြီး စာဖတ်သူတို့အကြိုက်တွေ့နိုင်သည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယခုစာအုပ်ပါ တစ်နေရာတွင် ဤသို့တွေ့ရသည်။ တစ်ချိန်တည်းတွင် မူလကတည်းက ထင်ရှားခိုင်မာပြီးဖြစ်နေသော နိုင်ငံရေးအယူအဆများသည် ယနေ့ခေတ်၏ လက်ဝဲလက်ယာ နိုင်ငံရေးအမည်တပ်မှုများ၏အလယ်ဗဟိုတွင်ရှိနေပြီး လက်ဝဲလက်ယာ မရှင်းလင်းသောနိုင်ငံရေးစနစ်များကို အဆိုပါနိုင်ငံ၏ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ မူဝါဒချမှတ်ကျင့်သုံးပုံကိုကြည့်ကာ ဇယားပါအတိုင်းစီးပွားရေးအရ လက်ဝဲလက်ယာလူမှုရေးအရ ဆိုရှယ်လစ်နှင့်ဖက်ဆစ်ခွဲခြားနိုင်ပြီး အလယ်ဗဟိုတည့်တည့်တွင် လစ်ဘရယ်ဝါဒသမားများကို တွေ့ရမည်ဖြစ်သည်။ စာ-၃၇ မှ

ယခုစာအုပ်ကို အုပ်ရေဖော်ပြမထားဘဲ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။








## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်အုပ်စု၊ ပြည်လုံးကျော်ကျေးရွာနေ မသဲဆုဝေ (၉/အမရ(နိုင်)၁၇၀၁၃၆)၏ဖခင် ဦးမင်း (ခ) ဦးမောင်မင်း (၅/ငဇန(နိုင်)၀၆၆၈၂၂) မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမင်း(ခ)ဦးမောင်မင်း(၅/ငဇန(နိုင်)၀၆၆၈၂၂)**

## "အဂတိပယ်ခွာ ပြည်သာယာ"
## Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm။
Website Address - http://www.accm.gov.mm

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် တိုင်းရင်းသားဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရ ရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်စေလို...

❖ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ဒုတိယနေ့ ဆက်လက်ခင်းကျင်းပြသ၊ ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှု



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များခင်းကျင်းပြသထားမှုကို ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများက လာရောက်လေ့လာကြည့်ရှုကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုကြသည်။

ပြခန်းများနှင့်အရောင်းဆိုင်များရှိရာ တပေါင်းကွင်းအတွင်းသို့ လာရောက်ကြသည့် ပြည်သူများကို သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့်

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

စာမျက်နှာ - ၂၀

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
MPU UnionPay
Phone No : (01) 2301367, 2301368, 2301452, 2301378
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking and Internet Banking Services